# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၂.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင် ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၉၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၂ ဦးအနက် ၂၃ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ခွင့်ပန်ကြားသူ ၉ ဦးသာရှိပါတယ်။ ယနေ့ခွင့်ပန်ကြား သူများမှာ-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၃ ရက်၊

(၄) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး ခွင့် ၃ ရက်၊

(၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၆) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၃ ရက်၊

(၇) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၂ ရက်၊

(၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်နှင့်

(၉) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပြန်လည်ပေးပို့လာသော သဝဏ်လွှာကို လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နေ့စွဲဖြင့် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ထံသို့ သဝဏ်လွှာပေးပို့ထားပါတယ်။ သဝဏ်လွှာအပြည့်အစုံမှာ-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၀၈ (၁) / ၈ / သမ္မတရုံး
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

ရည် ညွှန်း ချက် ။ နိုင်ငံတော်သမ္မတထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၆-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၀၆/ပသ(ကမတ)/၂၀၁၃-၈၇ ဖြင့်ပေးပို့သည့် သဝဏ်လွှာ

၁။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက လွှတ်တော်သို့တင်သွင်းခဲ့သည့်အစီရင်ခံစာပူးတွဲလျက် တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ သုံးသပ်ဆောင်ရွက်နိုင်ရန်ပေးပို့လာသည့် ရည်ညွှန်းပါသဝဏ်လွှာကို လက်ခံရရှိပါသည်။

၂။ အဆိုပါသဝဏ်လွှာ၏ ပူးတွဲအစီရင်ခံစာတွင်တွေ့ရှိသုံးသပ်ချက် (၂၁) ချက်ဖော်ပြထားရာ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်သက်ဆိုင်သည့် အချက် (၁၅) ချက်နှင့် တရားစီရင်ရေးမဏ္ဍိုင်နှင့် သက်ဆိုင်သည့်အချက် (၆) ချက်တို့ဖြစ်ကြောင်းတွေ့ရှိရပါသည်။ တရားစီရင်ရေးမဏ္ဍိုင်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များအတွက် လွှတ်တော်အနေဖြင့် တိုက်ရိုက်ဆက်သွယ်ပေးပို့သင့်ပါသည်။

၃။ အုပ်ချုပ်ရေးမဏ္ဍိုင်တွင်ပါဝင်သည့် အုပ်ချုပ်ရေးနှင့်သက်ဆိုင်သော အဖွဲ့အသီးသီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ခေတ်စနစ်နှင့်လျော်ညီသည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိရာ ဒီမိုကရေစီကျင့်စဉ်နှင့်ညီညွတ်စေရေးအတွက် တိုးမြှင့်၍ ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။

၄။ လွတ်လပ်ရေးရပြီးစ အခြေအနေမှစတင်၍ အစိုးရအဆက်ဆက်တို့သည် ကျင့်သုံးသည့် အုပ်ချုပ်ရေးပုံစံအရ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး စီမံခန့်ခွဲအုပ်ချုပ်လာခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပေါ်ပေါက်လာသည့် မိမိဦးဆောင်သော နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ရေး ပြည်ပပယောဂဖိအားများ လျော့ပါးရေးတို့မှအစပြု၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးပြုပြင်ပြောင်းလဲမှုတို့ကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ အဆင့်ဆင့် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးရရှိမှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါသည်။

၅။ တရားဥပဒေစိုးမိုးရေးခိုင်မာစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၂၁၉ ပါပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၃၄၉ မှ ပုဒ်မ ၃၉၀ ထိပါပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေးအဖွဲ့နှင့် ပြည်သူအများပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အရည်အသွေးမြင့်သည့် မီဒီယာများကလည်း သမာသမတ်ရှိစွာဖြင့် အကြံပြုတည့်မတ်ပေးရန်လိုအပ်ပါသည်။

၆။ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သော တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးမြှင့်ကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် အချက်များကို သတင်းရရှိ၍ ပေးပို့လာပါကလည်း ကိစ္စရပ်အလိုက် ထိရောက်စွာထိန်းကျောင်းတည့်မတ်ပေးမည်ဖြစ်ပါတယ်။ ထို့ပြင် ကော်မတီအနေဖြင့် နိုင်ငံသားများ၏ တရားဥပဒေစိုးမိုးရေး တိုးမြှင့်ခံစားစေရန်အတွက် ယခုအစီရင်ခံစာပါကဲ့သို့ တရားရုံးနှင့်တရားစီရင်ရေးစနစ် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ရှိ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့၏ အားနည်းမှုများအပြင် သက်ဆိုင်သော အခြားကဏ္ဍစုံဆိုင်ရာတို့၏ အားနည်းချက်များကို ဖော်ထုတ်ထောက်ပြခြင်းဖြင့် ပိုမိုပြည့်စုံထိရောက်မည်ဖြစ်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

2-10-2013(Record)

မူကြမ်း

**ပူးတွဲ။** အစီရင်ခံစာပါအချက်များနှင့်စပ်လျဉ်းသည့် အခြေအနေနှင့် သုံးသပ်ချက်ဇယား (၅) ရွက်။

သိန်းစိန်

နိုင်ငံတော်သမ္မတ

ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်းအစီအစဉ်ဖြစ်ပါတယ်။

**အင်းလေးဒေသတွင် လုပ်ငန်းလုပ်ဆောင်နေကြသော NGO အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို လေးစားစွာ ဂါရဝပြုပါကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းအပေါ် ကျိုးကြောင်းဖော်ပြချက်အနည်းငယ်ကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ရှမ်းပြည်နယ် အင်းလေးဒေသရေရှည်တည်တံ့ရေးအတွက် ဒေသခံတိုင်းရင်းသားအားလုံးက အထူးစိတ်ဝင်စားနေကြသလို နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း အထူးအာရုံစိုက်ထိန်းသိမ်းလိုသော ဆန္ဒများရှိနေကြပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေးကိစ္စဟာ ဒေသတစ်ခုလုံးရဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဆက်နွယ်နေသကဲ့သို့ ဒေသတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံးရဲ့ စားဝတ်နေရေး၊ စီးပွားရေးအတွက်လည်း လွန်စွာအရေးကြီးကြောင်း အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ နိုင်ငံတကာမှ သော်လည်းကောင်း၊ တောအင်းထိန်းသိမ်းရေးအတွက် အဖွဲ့အစည်းအမျိုးမျိုးမှတစ်ဆင့် ငွေကြေးထောက်ပံ့ခြင်း၊ နည်းပညာအထောက်အကူများဖြင့် အထောက်အကူပြုခြင်းများရှိကြောင်း ကြားသိရ၊

သိရှိရပါတယ်။ လေ့လာချက်များအရ ပြည်တွင်းပြည်ပ NGO များဟာ ရည်ရွယ်ချက်အမျိုးမျိုး၊ လုပ်ဆောင်ချက်အမျိုးမျိုးတို့နဲ့ အင်းလေးဒေသအခြေစိုက် လှုပ်ရှားဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် NGO များရဲ့အခြေစိုက်အရေအတွက်ဟာ အင်းလေးဒေသမှာ အများဆုံးဖြစ်ကြောင်း သိရှိနေရပါတယ်။ ဒါပေမယ့် ယနေ့အထိ လက်တွေ့မျက်မြင်အရ အင်းလေးကန်ဟာ တစ်နေ့တခြား ရေလျော့နည်းခန်းခြောက်လာနေတဲ့အပြင် သဘာဝပတ်ဝန်းကျင်ပိုမိုပျက်စီးလာနေကြောင်း တွေ့မြင်နေကြရပါတယ်။ ဆိုးဆိုးဝါးဝါးရေလျော့နည်းလာနေခြင်း၊ နုန်းပို့ချမှုများ များပြားနေခြင်းကို ထင်ထင်ရှားရှားတွေ့မြင်နေကြရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အင်းလေးရေရှည်တည်တံ့စေရေးအတွက် ငွေကြေးမြောက်မြားစွာထောက်ပံ့ခံနေရတဲ့ဒေသတစ်ခုဖြစ်ကြောင်းလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒါပေမယ့် မျောက်ပြဆန်တောင်းနေတဲ့အဖြစ်မျိုးကိုရှောင်ရှားပြီး တကယ့်စေတနာပါပါနဲ့ ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ လိုအပ်တာထက်ပိုနေတဲ့အစည်းအဝေးများပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းလေ့လာခြင်းများ၊ စာတမ်းဖတ်ပွဲများဖြင့် အချိန်ကုန်၊ ငွေကုန်နေတဲ့ကိစ္စရပ်များဟာ အင်းလေးဒေသထိန်းသိမ်းရေးအတွက်ပြုန်းတီးမှုများအဖြစ် ပြည်သူများက ဝေဖန်လာနေကြပါတယ်။ မြန်မာနိုင်ငံအတွင်း ထောက်ပံ့ငွေစီးဆင်းနေမှုအများဆုံး ရရှိနေတဲ့ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်လာနေတာဟာ တစ်စုံတစ်ခုအမှားအယွင်း၊ချို့ယွင်းချက်များရှိနေပြီလားလို့ အားလုံးက သံသယရှိနေကြပါတယ်။ ထိုကြောင့် အချိန်မနှောင်းမီ အင်းလေးဒေသရေရှည်တည်တံ့ရေးအတွက် ဒေသခံပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်ခင်ဗျား-

(၁) ရှမ်းပြည်နယ်၊ အင်းလေးဒေသ ရေရှည်တည်တံ့ရေးကို အခြေခံ၍ ပြည်တွင်းပြည်ပ NGO များမှ အဖွဲ့အစည်းအမျိုးမျိုး၊ အမည်နာမအမျိုးမျိုးဖြင့် လုပ်ငန်းပြဆောင်ရွက်လာကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ပါတယ်။ သို့သော် ယနေ့အထိ အကျိုးသက်ရောက်မှု လွန်စွာနည်းနေကြောင်း သိရှိတွေ့မြင်နေရပါတယ်။ အင်းလေးဒေသမှာ လုပ်ဆောင်နေကြသော ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများ မည်မျှရှိ၍ ငွေကြေးမည်မျှရနေကြပြီး မည်ကဲ့သို့သုံးစွဲနေကြသည်ကို ဒေသခံများကသိရှိလိုနေကြပါတယ်။ ဒါ့အပြင် ထို NGO များရဲ့ဆောင်ရွက်ချက်အပေါ် ထိရောက်မှုရှိ/ မရှိကို သက်ဆိုင်ရာနိုင်ငံတော် အဖွဲ့အစည်းများက ကြီးကြပ်ရေးအဖွဲ့၊ စောင့်ကြည့်ရေးအဖွဲ့များဖြင့် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကိုလည်းပဲ သိရှိလိုပါတယ်။

(၂) ရှမ်းပြည်နယ်၊ အင်းလေးဒေသ ရေရှည်တည်တံ့ရေးအတွက် သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိကိုလည်း သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်ရဲ့ ရှမ်းပြည်နယ်၊ အင်းလေးဒေသတွင် လုပ်ငန်းလုပ်ဆောင်နေကြတဲ့ ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများ မည်မျှရှိ၍၊ ငွေကြေးမည်မျှရပြီး မည်ကဲ့သို့သုံးစွဲနေကြသည်၊ NGO များဆောင်ရွက်ချက်များအပေါ် ထိရောက်မှုရှိ/မရှိကို သက်ဆိုင်ရာနိုင်ငံတော်အဖွဲ့အစည်းများက ကြီးကြပ်ရေးအဖွဲ့၊ စောင့်ကြည့်ရေးအဖွဲ့များဖြင့် မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်နေသည်။ ဒီ့အပြင် အင်းလေးဒေသ ရေရှည်တည်တံ့ရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိကိုမေးမြန်းခဲ့ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကျွန်တော် အကျဉ်းမျှဆွေးနွေးတင်ပြသွားပါမယ်။ ၂၀၁၀ ပြည့်နှစ်မှာ အင်းလေးကန်အတွင်း မကြုံစဖူး ရာသီဥတုဖောက်ပြန်မှုကြောင့် ရေခန်းခြောက်မှုဖြစ်ပွားပြီးသည့်နောက်မှာ နိုင်ငံတော်အစိုးရကနေပြီးတော့မှ အင်းလေးကန်ရေရှည်တည်တံ့စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အခြေအနေများကို ဖွဲ့စည်းခဲ့ပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း (၅) နှစ်စီမံချက်ကိုလည်း ရေးဆွဲချမှတ်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ကနေပြီးတော့မှ ၂၀၁၄-၂၀၁၅ အထိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီစီမံချက်မှာ အထောက်အကူပြုဖို့ အတွက် UNDP ကလည်း အင်းလေးကန်ဒေသထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ် နှစ်နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေနှင့်

မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို အဓိကအလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ဒေသထိန်းသိမ်းရေးနှင့် ပြည်လည်ထူထောင်ရေးစီမံကိန်းအတွက် UNDP မှ အမေရိကန်ဒေါ်လာ ၀.၆ သန်း နှင့် နော်ဝေအစိုးရမှ အမေရိကန်ဒေါ်လာ ၂ သန်း စုစုပေါင်း ၂.၆ သန်းထည့်ဝင်ထားရှိပါတယ်။ UNDP ဟာ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပြည်တွင်း NGO များကို ကန်ထရိုက်စနစ်နဲ့ ဆောင်ရွက်သည့်လုပ်ငန်းစဉ်တွေရှိပါတယ်။ ယင်းသို့ဆောင်ရွက်ခြင်းမပြုမီမှာ All for Proposal စီမံကိန်းပါ လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ဖို့အတွက် ပြည်တွင်း NGO များအသီးသီးထံမှ လုပ်ငန်းအဆိုပြုလွှာများကို တင်ပြစေပါတယ်။ ရရှိလာတဲ့ အဆိုပြုလွှာတွေကို ဖွဲ့စည်းထားတဲ့စီမံကိန်းနည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ကရွေးချယ်ပြီး UNDP နဲ့ရွေးချယ်ရေးအဖွဲ့ကနေပြီးတော့မှ NGO များကို ကျွန်တော်တို့ရွေးချယ်ပါတယ်။ အဲ့ဒီ NGO များကို UNDP နဲ့တိုက်ရိုက်ကန်ထရိုက် စာချုပ်ချုပ်ဆိုပြီးတော့မှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်တွင်း NGO ၁၂ ဖွဲ့မှ UNDP နဲ့ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသလို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှလည်း ပြည်တွင်း NGO အဖွဲ့အစည်းတွေက ၈ ဖွဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ NGO အဖွဲ့အစည်းများကို ကောက်နုတ်ပြီးတော့ တင်ပြရရင် အင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ပွေးလှသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့၊ ချစ်သောမြန်မာအဖွဲ့၊ တို့တောင်သူအဖွဲ့၊ မြန်မာ့စိုက်ပျိုးရေးအဖွဲ့၊ အလင်းသစ်အားမာန်အဖွဲ့နှင့် အင်းလေးဒေသ ၂၄ နာရီမီးလင်းရေးအဖွဲ့တို့ ဖြစ်ပါတယ်။ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရကနေပြီးတော့မှ ရန်ပုံငွေကျခံသုံးစွဲပြီး တိုက်ရိုက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းနည်းပညာဆိုင်ရာအကြံပေးအဖွဲ့၏သဘောတူညီချက်နဲ့ UNDP ကရွေးချယ်ထားတဲ့ ပြည်တွင်း NGO များနဲ့သာ အကောင်အထည်ဖော်မယ့်လုပ်ငန်းအလိုက် သုံးစွဲမယ့်ငွေကြေးပမာဏကို တိုက်ရိုက်ဆုံးဖြတ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယင်းနောက် UNDP ရဲ့လုပ်ငန်းကြီးကြပ်မှုစနစ်များဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်မှုအပေါ်ကြီးကြပ်စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းများကို မျက်ခြေမပြတ်ဆောင်ရွက်အစီရင်ခံလေ့ရှိပါတယ်။ အခုအခါမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော

ရေးရာဝန်ကြီးဌာနမှ ဩစတြေးလျနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Institute for International Development IID)နှင့် ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN Habitat) တို့နှင့်ပူးပေါင်းပြီး အင်းလေးကန် ပြန်လည်ထူထောင်ရေး ရေရှည်စီမံကိန်းတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသလို အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ICIMOD)နှင့်လည်း အင်းလေးကန်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်မှုဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် UNESCO နဲ့ Man and Biosphere Reserves လူသားနဲ့ဇီဝဝန်းကျင်ကြိုးဝိုင်း စီမံကိန်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ဒေသအတွင်းမှာ ကြိုးဝိုင်း ၈ ခု၊ ကြိုးပြင်ကာကွယ်တော ၇ ခု၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၂ ခု တည်ရှိသဖြင့် သစ်တောဥပဒေ ၁၉၉၂ ခုနှစ်၊ သစ်တောနည်းဥပဒေ ၁၉၉၅ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ၂၀၀၂ ခုနှစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ တို့နှင့်အညီ အင်းလေးကန်အတွင်းနှင့် ကန်ရဲ့ရေဝေရေလဲဒေသအတွင်းမှာရှိတဲ့ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာ အထက်ပါဥပဒေများနဲ့ လုံလောက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ အင်းလေးကန်ထိန်းသိမ်းရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းရန် အစီအစဉ်မရှိပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မြန်မာနိုင်ငံ၏သယံဇာတများအား ပြည်သူပြည်သားများသိရှိစေရန် အသိပေးထုတ်ပြန်နိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လေ့လာသူများကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် တစ်လုံးတစ်ဝပြည့်စုံကြပါစေလို့ ဆန္ဒပြုရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးသွားမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံရဲ့သယံဇာတများဖြစ်တည်မှု၊ ပမာဏမူဝါဒထုတ်ယူသုံးစွဲမှု သုံးစွဲပြီးကျန်ရှိ

မှုနှင့် နောင်ထုတ်ယူသုံးစွဲနိုင်မည့် အရေအတွက်နှင့်ကာလအား၊ ပြည်သူပြည်သားများသိရှိစေရန် ပွင့်လင်းမြင်သာမှုရှိရေးအတွက် အသိပေးထုတ်ပြန်နိုင်မှုရှိ/မရှိဆိုတဲ့မေးခွန်းကို မေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးထားတဲ့မေးခွန်းမှာ ရေးသားတင်ပြထားတာကတော့ သစ်တောကဏ္ဍနဲ့ ကျောက်မီးသွေးကဏ္ဍဆိုပြီး ကျွန်တော်တင်ပြထားတာရှိပါတယ်။ ဒါကတော့ ပထမဆုံးသစ်တောကဏ္ဍအနေနဲ့ ကျွန်တော့်ရဲ့အနေအထားလေးနဲ့ ကျွန်တော်တင်ပြစရာလေးတွေတင်ပြခွင့်ပြုပေးဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ ကလေးဝမြို့နယ်မှာ မဟာမြိုင်ဆိုတဲ့တောကြီးရှိပါတယ်။ အဲ့ဒီသစ်တောကြီးမှာ ကျွန်တော်တို့က တောရိုင်းတိရစ္ဆာန်တွေနဲ့ ဆင်တွေ၊ ကျားတွေ၊ ဝံ၊ မြွေတွေ အကြီးအကျယ်ရှိခဲ့တဲ့ ဒေသကြီးဖြစ်ပါတယ်။ သစ်ပင်ကြီးတွေဆိုတာလည်းကျွန်တော်တို့ ငယ်ငယ်ကကျွန်တော်တို့ရောက်ဖူးတဲ့အချိန်ကစပြီးကြည့်ရင် လူနှစ်ဖက်စာ သုံးဖက်စာဆိုတဲ့သစ်ပင်ကြီးတွေရှိနေပါတယ်။ တစ်ကယ်လို့လမ်းပေါက် ကနေကြည့်လိုက်လို့ရှိရင်ရှေ့ကို ၄ဖာလုံ၊ ၅ဖာလုံလောက်မှ ကျဉ်းကျဉ်းလေးဆိုတဲ့ အမြင်ကလေးနဲ့ အပေါက်ကလေးတစ်ခုလောက်မြင်ရတဲ့တောကြီးဖြစ်ပါတယ်။ အဲ့ဒီတော့ အခုဒီနေ့ကျွန်တော်တို့ ဒီမှာဖြစ်နေတဲ့ကိစ္စက သစ်တောတွေကို ခုတ်ကြပါတယ်။ ခုတ်တဲ့နေရာမှာ ကျွန်တော်တို့ ဒီမခုတ်ခင်ကကျွန်တော်တို့ မဟာမြိုင်တောကြီးကို သူတော်စင်သူတော်ကောင်းများဖြစ်တဲ့ ကျွန်တော်တို့ ဗောဓိမြိုင်ဆရာတော်ကလည်း ကျောင်းတွေဆောက်ပြီး မဟာမြိုင်အလယ်တည့်တည့်မှ ခေါင်နန်းပလ္လင်ဆိုတဲ့ တောင်ပေါ်မှာတရားအားထုတ်ပြုကျင့်ကြပြီး စည်ကားနေပါတယ်။ ထို့အတူပါပဲ ကျွန်တော်တို့မဟာမြိုင်နယ်ထဲမှာ သဲဖြူဆရာတော်ကလည်း ကျွန်တော်တို့ အခုဒီနေပြည်တော်မှာရှိတဲ့ ဥပ္ပါတသန္တိလို ၁၀၈ တောင်ရှည်တဲ့ ဘုရားကြီးကိုလည်းတည်ပြီးတော့ ဆောက်ထားပြီးပါပြီ။အဲ့ဒီတော့ ပွင့်လင်းမြင်သာပြီး ရှင်းရှင်းလင်းလင်းဖြစ်နေပါတယ်။ သို့သော်လည်း ဒီမှာကျွန်တော်တို့ဖြစ်ချင်တာက သစ်တောတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ခုတ်ယူမှုအနေအထားနှင့် အနာဂတ်အတွက် နောက်ပြန်လည်ဖြည့်ဆည်းမှုအပိုင်းကို ကျွန်တော်သိလိုပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာသိလိုတဲ့သူတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့ဒေသကလည်းအများကြီးရှိပါတယ်။ အဲ့ဒါကြောင့်မို့ အောက်ပါမေးခွန်းများကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အတွင်းမှာ သစ်တောကြိုးဝိုင်းနှင့် အခြားသစ်တောကြိုးဝိုင်းများတည်ရှိကြပါတယ်။ ထို့ကြောင့်သိရှိလိုသောအကြောင်းအရာများ ပြည်သူများ၏ဆန္ဒအရအောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(က) ကလေးဝမြို့နယ်နှင့်ဆက်စပ် သစ်တောကြိုးဝိုင်း အရေအတွက်နှင့်အမည်များ။ (ခ) သစ်တောကြိုးဝိုင်း၏ ဧရိယာအကျယ်အဝန်းများ (ဂ) သစ်တောကြိုးဝိုင်းများရှိသစ်အမျိုးအစား

အရွယ်အစားလိုက် အရေအတွက် (ဃ) သစ်တောကြိုးဝိုင်းမှထုတ်ယူပြီး သစ်အမျိုးအစားအရေအတွက်နှင့် ထုတ်ယူစေခဲ့သောကုမ္ပဏီများနှင့် ပုဂ္ဂလိကစာရင်းများ (င) နှစ်စဉ်ထုတ်ရန်လျာထားမှုနှစ်စဉ်ဖြည့်ဆည်းအစားထိုး စိုက်ပျိုးရန်လျာထားမှုအမှန်စိုက်ပျိုးမှု သစ်တောကြိုးဝိုင်းလိုက်အရေအတွက် (စ) သစ်တောကြိုးဝိုင်းများတွင် နှစ်စဉ်ပုံမှန်ထုတ်လုပ်မှုနှင့် တစ်ပေါင်းတစ်စည်းတည်းထုတ်ယူမှု၊ ခွင့်ပြုချက်အရနိုင်ငံတော်၏ဝင်ငွေများ (ဆ) သစ်တောကြိုးဝိုင်းတွင် ယခုကဲ့သို့ထုတ်ယူမှုများနောင်မည်သည့်နှစ်အထိထုတ်ယူခြင်းပြုနိုင်မှု (ဇ) သစ်တောကြိုးဝိုင်းများအတွင်း ဖြည့်ဆည်းအစားထိုးစိုက်ပျိုးလျက်ရှိသည့် သစ်အမျိုးအစားအရေအတွက်၊ ထုတ်လုပ်သုံးစွဲနိုင်မည့်နှစ်နှင့်အရေအတွက်တို့ဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော်ဆက်လက်ပြီးတော့ ကျောက်မီးသွေးကဏ္ဍကိုမေးမြန်းခွင့်ပြုပါ။ ကျောက်မီးသွေးကဏ္ဍအနေနဲ့လည်း ကျွန်တော်တို့က ကျောက်မီးသွေးကဏ္ဍလို့ဆိုသော်လည်း ကျွန်တော်တို့ နိုင်ငံတော်မှာရှိနေတဲ့ သယံဇာတတွေနဲ့ပတ်သက်ပြီး သက်ဆိုင်မယ်လို့ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ဒေသနဲ့ သက်ဆိုင်နေတဲ့ ကျောက်မီးသွေးနဲ့ပတ်သက်ပြီး တင်ပြခြင်းသာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ကျွန်တော်တို့ကျောက်မီးသွေးကို လျာထားချက်နဲ့ထုတ်ယူခဲ့ပါတယ်။ နှစ်အလိုက်။ အဲ့ဒီလျာထားချက်မှာ ကျွန်တော်တို့ထုတ်ယူခြင်းဟာ Under Ground အနေနဲ့ ထုတ်ယူပါတယ်။ ကျွန်တော်တို့လေ့လာသုံးသပ်ခဲ့တာတွေမှာ ကျောက်မီးသွေးတွင်းတွေဟာ ၄ပေကျော်၊ ၅ပေကျော်၊ ၆ပေကျော် ၁၀ပေကျော်ဆိုတဲ့ အကျောတွေအလိုက်ကို ကျွန်တော်တို့ Hydraulic စက်သရွင်းတွေနဲ့ထိုးပြီးတော့ မြေအောက်မှာလှိုဏ်ဂူကြီးတွေနဲ့ထုတ်ပါတယ်။ ထုတ်ပြီးတော့ နှစ်စဉ်သုံးမယ့်အရေအတွက်လောက်သာထုတ်ပါတယ်။ ယနေ့ထုတ်နေတဲ့နေရာမှာ ကုမ္ပဏီတွေလည်းများပြားပါတယ်။ တချို့ဟာတွေဆိုရင် ကျွန်တော်တို့အပေါ်ယံလွှာမြေပြင်တွေလှန်ပြီးတော့ ထုတ်ယူနေတာလည်းသိရှိနေရပါတယ်။ အဲ့တော့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်အနေနဲ့လည်း နွေရာသီအချိန်ဆိုရင် ကျွန်တော်တို့ ကလေးဝမြို့နယ်ဆိုရင် အပူချိန်မြင့်တက်လာတဲ့ အနေအထားလေးတွေရှိပါတယ်။ မနေ့ကလည်း ရေဖြူမြို့နယ်က ဦးဝင်းဦးတင်ပြသွားပါတယ်။ ပတ္တမြားတွေနဲ့မိုးကုတ်နယ်မြေနဲ့ပတ်သက်ပြီး ဒီလိုဖြစ်သွားတဲ့အကြောင်း၊ တစ်ခါကျွန်တော်နေခဲ့တဲ့ခရိုင်မှာ နန်စီပွန်ဆိုတဲ့ဒေသဟာလည်း ကျွန်တော်တို့ အရင်က ချောက်ကြီးတွေဟာ တောင်ကုန်းကြီးတွေဖြစ်ပြီးတောင်ကုန်းကြီးတွေဟာ ချောက်ဖြစ်တဲ့အတွက် စက်မှုကိရိယာကြီးတွေနဲ့ ထုတ်တဲ့အတွက်အခုလည်း ခမ်းခြောက်သွားပါပြီ။ နန့်မော်ဆိုတဲ့ ကျောက်တောင်ကြီးတွေဟာလည်း ကုန်သွားပြီလို့ကျွန်တော်တို့သိရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ သဘာဝ

သယံဇာတအရင်းအမြစ်တွေကို ဒီလိုထုတ်နေမယ်ဆိုရင် အခက်အခဲတွေနောင် အနာဂတ်မျိုးဆက်သစ်တွေအတွက် စဉ်းစားဖို့သင့်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့က တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမှာတွေ့ခဲ့တာကတော့ ကျောက်မီးသွေးနဲ့ပတ်သက်ပြီးတင်ပြရခြင်းဖြစ်ပါတယ်။ အခြားသယံဇာတတွေနဲ့လည်း သက်ဆိုင်မယ်လို့ထင်ပါတယ်ခင်ဗျား။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကလေးဝမြို့နယ်မှထွက်ရှိသော ကျောက်မီးသွေးများအား ထုတ်လုပ်မှုများပြားမှုများရှိနေ၍ ဒေသခံများ၏ဆန္ဒအရ အောက်ပါမေးခွန်းများမေးမြန်းအပ်ပါတယ်။

(က) ကလေးဝမြို့နယ်ရှိ ကျောက်မီးသွေးကျော၏ ဘူမိဗေဒတွက်ချက်မှုအရ တည်ရှိနေသော ကျောက်မီးသွေးတန်ချိန် (ခ) မူလတည်ရှိသောအရေအတွက် တူးဖော်ပြီးသောအရည်အတွက်နှင့် ကုမ္ပဏီများအလိုက် တူးဖော်ထုတ်ယူခဲ့သောအရေအတွက် (ဂ) ထိုထုတ်လုပ်မှုတန်ချိန်များအရ ကျောက်မီးသွေး၏ ကျောက်သွေးကျောထုတ်လုပ်ရန် မည်သည့်နှစ်ပေါင်းအထိ ထုတ်လုပ်နိုင်ရန် တည်ရှိမှုအခြေအနေ (ဃ) ကလေးဝကျောက်မီးသွေးတွင်းမှ ကုမ္ပဏီအလိုက် ထုတ်ယူခဲ့မှုအပေါ် နိုင်ငံတော်မှရရှိသည့်ဝင်ငွေများဖြစ်ပါတယ်။ ဒီ့အပြင်ကျွန်တော် နည်းနည်းထပ်ပြီးတင်ပြချင်တာကတော့ ကျွန်တော်တို့ကလေးဝမြို့နယ်တင်မဟုတ်ပါဘူး။ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ကနီမြို့နယ်မှာလည်း ကျောက်မီးသွေးကျောတွေပေါပြီးတော့ ထုတ်ဖော်နေကြပါတယ်။ အဲ့ဒီတော့ ခုနကတင်ပြခဲ့တဲ့ မေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းရဲ့ မြန်မာနိုင်ငံသယံဇာတများဖြစ်တည်မှု၊ ပမာဏထုတ်ယူသုံးစွဲမှု၊ သုံးစွဲပြီးကျန်ရှိမှု၊ နောင်ထုတ်ယူသုံးစွဲနိုင်ရေးအတွက်အရေအတွက်နှင့်ကာလအား ပြည်သူပြည်သားများသိရှိစေရန် အသိပေးထုတ်ပြန်နိုင်မှုရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကလေးဝမြို့နယ် သစ်တောသယံဇာတများတည်ရှိမှု၊ ထုတ်ယူသုံးစွဲမှုနှင့်ကျန်ရှိမှု၊ နောင်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စီမံထားရှိမှုများကို အကျဉ်းမျှတင်ပြသွားပါမယ်။ ကလေးဝမြို့နယ်အတွင်းမှာ ကြိုးဝိုင်း

များ ၁၀ ခုရှိပါတယ်။ အဲ့ဒီတော့ မထုနှင့်တိုးချဲ့ကြိုးဝိုင်းဟာ ၄၅၁၀၁ ဧက၊ သစ်ချောက်မိုင်းကြိုးဝိုင်းဟာ ၁၉၉၀ ဧက၊ ပလင်ကြိုးဝိုင်းဟာ ၂၄၅၄၄ ဧက၊ ဝါးရဲကြိုးဝိုင်းဟာ ၈၄၅၁ ဧက၊ လဘင်ကြိုးဝိုင်းဟာ ၁၂၆၈၈ ဧက၊ မန်ပါကလေးကြိုးဝိုင်းဟာ ၄၀၄၈ ဧက၊ မဟာမြိုင်ကြိုးဝိုင်းဟာ ၄၅၁၉၀ ဧက၊ ဖုန်းသုံးကြိုးဝိုင်းဟာ ၂၈၅၇၆ ဧက၊ ကြာပင်ကြိုးဝိုင်းဟာ ၁၂၀၃၂ ဧကနှင့် ရွှေကျင်းကြိုးဝိုင်း ၉၂၀၆၀ ဧက၊ စုစုပေါင်း ကျွန်တော်တို့ ၂၇၄၆၈၀ ဧက ရှိပါကြောင်းဦးစွာတင်ပြလိုပါတယ်။

ကျွန်တော်တို့ ၂၀၁၀ ပြည့်နှစ် သစ်တောသယံဇာတ ကောက်ယူမှုစာရင်းများအပေါ် အခြေခံပြီးတော့ ကလေးဝမြို့နယ်မှာရှိတဲ့ ကြိုးဝိုင်းတောများအတွင်းမှာရှိတဲ့ ရင်စို့လုံးပတ် ၂ ပေနှင့်အထက် ကျွန်းပင် ၇.၁ သိန်း၊ အုပ်စု(၁) သစ်မာ ၁၃.၄ သိန်း၊ အုပ်စု(၂) သစ်မာ ၃၁.၆ သိန်း၊ အုပ်စု(၃) သစ်မာ ၁၂.၃ သိန်း၊ အုပ်စု(၄) သစ်မာ ၂ သိန်း၊ အုပ်စု(၅) ၁.၄ သိန်း၊ အခြားသစ်မာ၃၁.၃သိန်း၊ စုစုပေါင်း အပင် ၉၉ သိန်းကျော် ရှိနေပါကြောင်း စာရင်းများအရသိရှိရပါတယ်။ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ ကလေးဝမြို့နယ်အတွင်း မြန်မာ့သစ်လုပ်ငန်းနှင့်၎င်းတို့ကိုယ်စားပြုတဲ့ သစ်ထုတ်ကုမ္ပဏီ ၆ ခုဖြစ်တဲ့ တင်ဝင်းထွန်းကုမ္ပဏီ၊ နံ့သာဖြူကုမ္ပဏီ၊ ဒေါင်းညီနောင်ကုမ္ပဏီ၊ ဂိုးဒင်းဝမ်းစတားကုမ္ပဏီ၊ အေးရှားဂရင်းကုမ္ပဏီ၊ ဝင်းမာလာအောင်ကုမ္ပဏီတို့မှ ကျွန်း ၂၆၉၂၈ ပင်သစ်မာ ၁၀၅၄၅၄ ပင်တို့ကို သတ်မှတ်စည်းမျဉ်းနှင့်အညီ ခုတ်လှဲထုတ်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကျွန်းနှင့်သစ်မာထုတ်လုပ်ခြင်းအတွက် နိုင်ငံတော်က အခွန်တော်ငွေစုစုပေါင်း ကျပ် ၁၉၅.၄၄ သန်းရရှိခဲ့သလို တစ်နိုင်ငံရဲ့သစ်ထုတ်လုပ်မှုအပေါ်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ၆၅၆.၉ ဘီလီယံကျပ်ရရှိခဲ့ပါကြောင်း အသိပေးပြောကြားလိုက်ပါတယ်။ အဆိုပါကာလအတွင်း ကလေးဝမြို့နယ်အတွင်းမှာ ကျွန်းစိုက်ခင်း ၁၂၂၅ ဧက၊ ကျွန်းပင်ပေါင်း ၆၆၁၅၀၀ ပင်ကိုတည်ထောင်စိုက်ပျိုးပေးခဲ့ပါတယ်။

သဘာဝတောများမှ သစ်များကိုထုတ်လုပ်ရာမှာ မြန်မာရွေးချယ်ခြင်းနည်းစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာရွေးချယ်ခြင်းနည်းစနစ်ဟာ သစ်များကိုရွေးချယ်ထုတ်လုပ်ခြင်းသာမက နောင်အနာဂတ်အတွက် တောထွက်အပင်များကို စာရင်းကောက်တိုင်းတာခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း၊ သဘာဝတောများပြုစုစောက်ရှောက်ခြင်းတို့ကို တစ်ချိန်တစ်ပြိုင်တည်းဆောင်ရွက်တဲ့နည်းစနစ်ဖြစ်ပါတယ်။ အဆိုပါစနစ်ဟာ နှစ်စဉ်တောထွက်အပေါ်အခြေခံပြီး သတ်မှတ်ရင်စို့လုံးပတ်ပြည့်မီတဲ့ကျွန်း၊ သစ်မာပင်ထောင်များကိုသာ ရွေးချယ်ခုတ်လှဲခြင်းကြောင့် သဘာဝတောများ ရေရှည်တည်တံ့နိုင်စေရန် စီမံအုပ်ချုပ်ခြင်းဖြစ်ပါတယ်။ ယခင်ခေတ်ကာလများမှာ အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို သစ်ထုတ်လုပ်မှုအပေါ်မှာ အလေးပေးဆောင်ရွက်

ခဲ့ရခြင်းဖြစ်၍ သဘာဝတောများထိခိုက်ခြင်း၊ တန်ဖိုးနိမ့်ကျခြင်းများရှိခဲ့သော်လည်း ကနေ့အချိန်အထိ သစ်ထုတ်လုပ်ရရှိနိုင်ခြင်းမှာ ကျွန်တော်တင်ပြခဲ့တဲ့ မြန်မာရွေးချယ်ခြင်းနည်းစနစ်ရဲ့ ကောင်းမွန်တဲ့အား သာချက်များကြောင့် ဖြစ်ပါကြောင်းအသိပေးပြောကြားလိုပါတယ်။ ကလေးဝမြို့နယ် သစ်တောကြိုး ဝိုင်းတောများမှာ သစ်တောစိုက်ခင်းများကို အစားထိုးဖြည့်ဆည်း စိုက်ပျိုးလျက်ရှိရာမှာ ၁၉၈၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကျွန်း ၃၅၆၅ ဧက၊ပျဉ်းကတိုး ၉၃၀ ဧက၊ ပိတောက် ၁၇၀ ဧကစုစုပေါင်း ၄၆၆၅ ဧက စိုက်ပျိုးခဲ့ပြီးတော့ အဲ့ဒီစိုက်ခင်းတွေကနေ ခန့်မှန်းတောထွက်အပင်နှစ်သိန်းကျော် ထွက်ရှိနိုင် ကြောင်း တွက်ချက်ထားရှိပါတယ်။ ယေဘုယျအားဖြင့် ၂၀၂၄ ခုနှစ်နောက်ပိုင်းမှာ ရင်စို့လုံးပတ်ပြည့်မှီ တဲ့သစ်များအဖြစ်နဲ့ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းတင်ပြအပ်ပါတယ်။

ကလေးဝမြို့နယ်အတွင်းမှာတည်ရှိနေတဲ့ ကျောက်မီးသွေးသိုက်တည်ရှိမှု၊ တူးဖော်ထုတ်လုပ်မှု၊ ကျန်ရှိမှုနှင့် နောင်ထုတ်ယူသုံးစွဲနိုင်မှု အခြေအနေများကို ဆက်လက်ဆွေးနွေးသွားပါမယ်။ ကလေးဝ မြို့နယ်နှင့် မော်လိုက်မြို့နယ်မှာ တစ်ဆက်တစ်စပ်တည်းရှိတဲ့ ကျောက်မီးသွေးသိုက်များရဲ့ တိုင်းတာ တွက်ချက်မှုအရ စုစုပေါင်းပမာဏတန်ချိန် ၂၀၅.၀၄ သန်းရှိပြီးတော့ တူးဖော်ထုတ်လုပ်ပြီး စုစုပေါင်း ပမာဏတန်ချိန် ၀.၉၆ သန်း ဖြစ်ကြောင်းသိရှိရပါတယ်။ လက်ကျန်စုစုပေါင်းပမာဏဟာ တန်ချိန် ၂၀၄.၀၈ သန်း၊ ကုမ္ပဏီများမှ ထုတ်ယူသုံးစွဲမှုအပေါ်မှာ နိုင်ငံတော်ကရရှိပြီး ဓာတ်သတ္တုခွန်နှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေမှု အချိုးတို့ရဲ့ဝင်ငွေစုစုပေါင်းဟာ ကျပ် ၁၅၄၁.၉၄သန်းတို့ ဖြစ်ကြောင်းတွေ့ရှိ ရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာ ကုမ္ပဏီ ၁၁ ခုက ကလေးဝမြို့နယ်နှင့် မော်လိုက်မြို့ နယ်အတွင်း ကျောက်မီးသွေး ၉၉၁၆၅ တန်ကို ထုတ်လုပ်မှုဆောင်ရွက်ခဲ့ပါတယ်။ လက်ကျန်ကျောက်မီး သွေးခန့်မှန်းတန်ချိန် ၂၀၁၄.၀၈ သန်း ကျန်ရှိနေသေးတာဖြစ်တဲ့အတွက် လက်ရှိနှစ်စဉ်ထုတ်လုပ်မှု ပမာဏအရ နှစ်ပေါင်းများစွာ ရေရှည်ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကလေးဝမြို့နယ်အပါအဝင် နိုင်ငံအတွင်းသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ဆောင်ရွက် ရာမှာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်သလို နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကိုလည်း များစွာအထောက်အကူပြုကြောင်းတွေ့ရှိရမှာဖြစ်ပါ တယ်။ သို့သော်လည်း သယံဇာတအရင်းအမြစ်များတူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများရဲ့ လူမှုရေး၊ ကျန်းမာရေးထိခိုက်သက်ရောက်မှုများကိုလည်း ဆန်းစစ်ဖို့လိုအပ် လျက်ရှိပါတယ်။ အထူးသဖြင့် မျက်မှောက်ကာလမှာ ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဟာ များပြားလာလေ့ရှိပါတယ်။ ဒါတွေကို လျော့နည်း သက်သာ

စေဖို့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင် အထည်ဖော်နိုင်ဖို့အတွက် ၂၀၁၂ ခုနှစ် မတ်လမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်သလို နည်းဥပဒများပြဋ္ဌာန်းထုတ်ပြန်ရန်လည်း စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်ပြန်ထားပြီး ဖြစ်တဲ့ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်း များ မဆောင်ရွက်မီ၊ ကနဦးဆန်းစစ်လေ့လာခြင်း Initial Environment Examination ပတ်ဝန်းကျင် ထိခိုက်သက်ရောက်မှုများကိုဆန်းစစ်ခြင်း Environmental Impact Assesment အနီးပတ်ဝန်းကျင် ဒေသရှိဒေသခံပြည်သူများရဲ့လူမှုရေး၊ ကျန်းမားရေးအပေါ် ထိခိုက်သက်ရောက်မှုများကိုဆန်းစစ်ခြင်း Social Impact Assement,Health Impact Assement ဒါတွေကို စနစ်တကျဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆန်းစစ်ဖော်ထုတ်ရရှိတဲ့ ရလဒ်များကိုအခြေခံပြီးပတ်ဝန်းကျင်နှင့်လူမှုရေး၊ ကျန်းမာရေး ထိခိုက်မှုများကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးမယ့်အစီအစဥ် Payment for Environmental Services ပါဝင်တဲ့ ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာစီမံချက် Environmental Management Plan တို့ကို ရေရှည်ရေးဆွဲဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စီမံချက်ပါအတိုင်း တိကျလိုက်နာအကောင် အထည်ဖော်ဆောင်ရွက်မှုများကိုလည်း စဥ်ဆက်မပြတ်ကြီးကြပ်အကဲဖြတ်သွားရမှာဖြစ်ပါတယ်။

ယနေ့နိုင်ငံတကာမှာ တွင်းထွက်ပစ္စည်းများအပါအဝင် မြေပေါ်မြေအောက်သယံဇာတ အရင်း အမြစ်များ တူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရာမှာ ပိုမိုပွင့်လင်းမြင်သာမှုရရှိစေရေးအတွက် လုပ်ငန်း အဖွဲ့အစည်းတစ်ရပ် Extractives Industries Transparency Initiative (EITI) တည်ထောင်ထား ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာသယံဇာတအရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်း များပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး၊ လုပ်ငန်းကော်မတီ Myanmar Extractives Industries Transparency Initiative ဖွဲ့စည်းတည်ထောင်ပြီး နိုင်ငံတော်အတွင်းသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရာမှာ ပိုမိုပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရေး၊ အထက်ပါ နိုင်ငံတကာအဖွဲ့ အစည်းမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ထည့်သွင်းအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ပန်နန်းဒင်မြို့နယ်ခွဲရှိ အမျိုးသားဥယျာဉ်တွင် ဝန်ထမ်းများ အပြည့်အဝခန့်ထားပေးရန်နှင့် ဥယျာဉ်ဧရိယာအတွင်း နေထိုင်ကြသော ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဂျိဖုန်ဆားရ်(နောင်မွန်းမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ နောင်မွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျိဖုန်ဆားရ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နဲ့ပတ်သက်တဲ့မေးခွန်းတစ်ခုကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဟာ မြန်မာနိုင်ငံ မြောက်ဘက်ဆုံး နောင်မွန်းမြို့နယ် ပန်နန်းဒင်မြို့နယ်ခွဲမှာ တည်ရှိပြီးမှ လွန်ခဲ့တဲ့ဆယ်စုနှစ်ကတည်းက စတင်သတ်မှတ် ထိန်းသိမ်းလာခဲ့တယ်ဆိုတာကိုလေ့လာသိရှိရပါတယ်။ လက်ရှိအနေအထားမှာ အမျိုးသားဥယျာဉ်ရဲ့ လုပ်ငန်းများကို အမြဲတမ်းဝန်ထမ်းအနည်းငယ်နဲ့ ယာယီနေ့စားဝန်ထမ်းအနည်းငယ်နဲ့သာ ဆောင်ရွက်နေတဲ့အတွက်ကြောင့် ပီပီပြင်ပြင်မဆောင်ရွက်နိုင်ဘူးဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် အမျိုးသားကာကွယ်ရေးဥယျာဉ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တက်တူးကျွန်းသဖွယ်ဖြစ်တဲ့ ဧရာဝတီမြစ်မြစ်ဖျားခံရာဒေသလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာမှာရှားပါးတဲ့ သားငှက်မျိုးစေ့များ ကျက်စားနေထိုင်ရာဒေသလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်လုပ်ငန်းကို ပီပီပြင်ပြင်ဆောင်ရွက်စေလိုတဲ့ဆန္ဒကြောင့် အောက်ပါမေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်။ ဥယျာဉ်အတွင်းမှာ တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်းများအပြည့်အဝ ခန့်ထားပေးမှ ဥယျာဉ်လုပ်ငန်း ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ။ ဒုတိယမေးခွန်းကတော့ ဥယျာဉ်အတွင်းမှာနေထိုင်ကြတဲ့ ပြည်သူလူထုရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမယ့်အစီအစဉ်များ ရှိ/မရှိ သိရှိလိုပါကြောင်း ရိုသေစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဖုန်ဆားရ်၏ နောင်မွန်းမြို့နယ်၊ ပန်နန်းဒင်မြို့နယ်ခွဲရှိ အမျိုးသားဥယျာဉ်မှာ တာဝန်ထမ်းဆောင်မယ့်ဝန်ထမ်းများ အပြည့်အဝခန့်ထားဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ၊ ဥယျာဉ်ဧရိယာအတွင်း နေထိုင်ကြတဲ့ ပြည်သူလူထုရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သို့ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ့်ကြောင့်နည်းဆိုတဲ့စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဟာ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်နှင့် ပန်နန်းဒင်မြို့နယ်ခွဲတို့မှာတည်ရှိပြီး ဧရိယာအကျယ်အဝန်းအားဖြင့် ၉၄၂၀၈၀ ဧက ရှိပါတယ်။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၇၉/၉၈) ဖြင့် သဘာဝနယ်မြေဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉-၁၁-၁၉၉၈ ရက်နေ့မှာတော့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာနဲ့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကို ဝန်ထမ်းဖွဲ့စည်းပုံအင်အား အရာထမ်း ၂ ဦး၊ အမှုထမ်း ၆၁ ဦး စုစုပေါင်း ၆၃ ဦးနဲ့ ခွင့်ပြုခဲ့ပါတယ်။ ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအခြေအနေမှာ အမြဲတမ်းဝန်ထမ်းအဖြစ် အရာထမ်း ၁ ဦး၊ အမှုထမ်း ၁၁ ဦးနှင့် နေ့စားဝန်ထမ်း ၆ ဦး စုစုပေါင်း ၁၈ ဦး ခန့်အပ်ထားရှိပါတယ်။ ဒီမှာလည်း အလျဉ်းသင့်လို့တင်ပြရရင် ကျွန်တော်တို့ သစ်တောဦးစီးဌာနတစ်ခုလုံးရဲ့ ဖွဲ့စည်းပုံဟာ ၁၅၉၃၆ ဦး ရှိပါတယ်။ သို့သော်လည်း လက်ရှိ ၈၅၉၅ ဦးနှင့် တစ်နိုင်ငံလုံးရဲ့ သစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းတွေကို နယ်ပယ်များစွာနှင့် လုပ်ငန်းများစွာတို့ကို တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနဲ့အတူ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းမှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေးနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ်အရ ဒေသခံတိုင်းရင်းသား ၉ ဦးကိုလည်း ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများမှာ တာဝန်ပေးအပ်ထားရှိပါတယ်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် ပြုစုထိန်းသိမ်းရေးဆောင်ရွက်ရာမှာ နည်းပညာကျွမ်းကျင်မှု၊ လုပ်ငန်းအခြေခံအတွေ့အကြုံရင့်ကျက်သူများကို အဓိကခန့်အပ်တာဝန်ပေးရ

တဲ့အတွက် ဌာနတွင်းဆောင်ရွက်နေတဲ့ ပုံမှန်သစ်တောသယံဇာတ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများနဲ့ မတူဘဲ အလေးအနက်ထားဆောင်ရွက်ရတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သို့ပါသော်လည်း ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် WCS က ၉ ဦး၊ နောက် ကျွန်တော်တို့ဝန်ကြီးဌာနအစီအစဉ်နဲ့ ၆ ဦး၊ ၁၅ ဦးကို နည်းလမ်းများရှာဖွေပြီးတော့မှ ဒေသခံပြည်သူတွေအတွက်ခန့်ထားပေးခဲ့ပါတယ်။ အလားတူပဲ အထက်ဖော်ပြပါ အမျိုးသားဥယျာဉ်အတွင်းဆောင်ရွက်ရမယ့်လုပ်ငန်းများမှာ နည်းပညာဆိုင်ရာအရည်အချင်းများလည်း လိုအပ်မှုရှိတဲ့အတွက်ကြောင့် ဒေသခံပြည်သူများမှ နည်းပညာတတ်ကျွမ်းမှုနှင့် လုပ်ငန်းအခြေခံကျွမ်းကျင်မှုများရှိလာတဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို နယ်မြေမှာလည်း တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။

နိုင်ငံအတွင်း ဝန်ထမ်းများခန့်အပ်တာဝန်ပေးရာမှာ လက်ရှိပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များအရ ဖွဲ့စည်းပုံအင်အားပါအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသကဲ့သို့ ဆောင်ရွက်ရမယ့်လုပ်ငန်းပမာဏနှင့် နယ်မြေဒေသအခြေအနေများအပေါ်အခြေခံပြီး စိစစ်ခန့်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းများ တိုးမြှင့်ခန့်ထားရာမှာ နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးရမယ့် လစာစရိတ်၊ ခံစားခွင့်များ နေအိမ် အဆောက်အဦများ၊ ယာဉ်ယန္တရားများ ဖြည့်ဆည်းပေးရေးအတွက် စနစ်တကျစိစစ်တွက်ချက်ပြီးမှ ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီအတွက်လိုအပ်တဲ့ ဘဏ္ဍာငွေကို နိုင်ငံတော်ကကျခံရတာဖြစ်ပါတယ်။ တစ်နည်းပြောရရင် လုပ်ငန်းလိုအပ်ချက်ပေါ်မှာမူတည်ပြီး ဝန်ထမ်းနဲ့အရာထမ်းတွေကို ခန့်ထားခြင်းသည် ဘဏ္ဍာငွေခြိုးခြံရာရောက်သလို ဘဏ္ဍာငွေရဲ့ ပိုလျှံလာတဲ့ငွေကြေးတွေကို အခြားသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်ရန်စီမံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တစ်ဖက်တွင်လည်း ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်း ဆောင်ရွက်ရမယ့် ဇီဝမျိုးစုံမျိုးကွဲများနှင့် သယံဇာတအရင်းအမြစ်များ ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကို နယ်မြေအေးချမ်းတည်ငြိမ်မှုအပေါ် မူတည်ဆောင်ရွက်နေရတဲ့အတွက် ယခုလက်ရှိအခြေအနေထက် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ လုပ်ငန်းများကျယ်ပြန့်စွာနဲ့ ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီအခါမှာ လက်ရှိနိုင်ငံတကာ အဖွဲ့အစည်းဖြစ်တဲ့ WCS သာမက အခြားသော ပြည်ပအထောက်အပံ့တွေနဲ့ ကျွန်တော်တို့ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီအခါမှာ ဒေသခံပြည်သူများအနေနဲ့လည်း အလုပ်အကိုင်များ ပိုမိုရရှိလာနိုင်မယ့် အခွင့်အလမ်းများ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ လက်ရှိအခြေအနေမှာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၌ ဖွဲ့စည်းပုံပြည့်

ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားရန် စီစဉ်ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်း ပြန်ကြားဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဥယျာဉ်ဇရိယာအတွင်း နေထိုင်ကြတဲ့ ဒေသခံပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကိုတင်ပြရပါလျှင် ဥယျာဉ်ဇရိယာအတွင်းနေထိုင်ကြတဲ့ ပြည်သူလူထုရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့၊ ဆက်စပ်ဌာနများပူးပေါင်းကာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ ဒေသခံပြည်သူများအတွက် ရှီးပဒီး၊ ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှားချီးဥ စတဲ့ ဆေးဘက်ဝင်အပင်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထုတ်ယူအသုံးပြုနိုင်ရေးအတွက် မဒိန်းကျေးရွာရဲ့ အနောက်ဘက်၊ ဒီဖူးလှခါတောင်ရဲ့ အရှေ့တောင်ဘက် ဥယျာဉ်ခြံမြေဧက ၅၀၀၀ ကို ကြားခံနယ်မြေအဖြစ် သတ်မှတ်ခွင့်ပြုပေးပြီးလည်း ဖြစ်ပါတယ်။

အစိုးရဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကျဉ်းမျှတင်ပြလိုပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ နောင်မွန်းမြို့နယ်၊ ဂဝိုင်ကျေးရွာ၌ လယ်ယာမြေများဖော်ထုတ်ရာမှာ လက်တွေ့စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်း နမူနာပြသခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများ၌ သစ်ကြားအရိုင်းကိုင်းဆက်ခြင်း ပညာရပ်များ သင်ကြားပေးခြင်း၊ ဒဖုံဒမ်းကျေးရွာ အထက်ရှိကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးဆက်သွယ်မှုလမ်းကြောင်းအဖြစ် ကျေးရွာလမ်း ၂၇ မိုင်ကို ဖောက်လုပ်ပေးခဲ့ခြင်း၊ ကြိုးတံတားတစ်စင်းတည်ဆောက်ပေးခဲ့ခြင်း။ အမျိုးသားဥယျာဉ်အစီအစဉ်နဲ့ ၂၀၁၃ ခုနှစ်ဖေဖော်ဝါရီလအတွင်းမှာ ဒေသခံပြည်သူ ၄၃ ဦးကို အရေးပေါ်ရှေးဦးသူနာပြုစုနည်းနှင့် အခြေခံကျန်းမာရေးသင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ခြင်း၊ ခါကာဘိုရာဇီရေခဲတောင် ရေဝေရေလဲဒေသကြီးနှင့် အမျိုးသားဥယျာဉ် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းနိုင်ရေးအတွက် ဒေသခံပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာစေရေး ကျေးရွာပေါင်း ၂၀ ရွာမှ ကျေးရွာပြည်သူ ၆၀၀ ကျော်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရှင်းလင်းအသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဝန်းကျင်ရှိ ဒေသခံပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ဖို့အတွက် အမျိုးသားဥယျာဉ်ကို သဘာဝအခြေခံခရီးသွားနေရာတစ်ခုအဖြစ် သတ်မှတ်ထားရှိပြီး ခရီးသွားလုပ်ငန်းများ

တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိနိုင်မယ့် အစိမ်းရောင်စီးပွားရေး အထောက်အကူပြု သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသထွက်ကုန်များ စီးပွားဖြစ် စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးခြင်း၊ ဈေးကွက်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပန်းလှိုင်မြစ် တိမ်ကောမှုအတွက် နောက်ဆက်တွဲ ဆိုးကျိုးများ အချိန်မီထိန်းသိမ်းကာကွယ်နိုင်ရန် ပန်းလှိုင်မြစ်ကြောင်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်အပေါင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်းလှိုင်မြစ် တိမ်ကောလာမှုနှင့်ပတ်သက်တဲ့မေးခွန်း မေးမြန်းလိုပါတယ်။ ပန်းလှိုင်မြစ်ဟာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ကုန်စည်စီးဆင်းမှုပြုပေးနေတဲ့ လမ်းကြောင်းတစ်ခုဖြစ်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ တွံတေးမြို့နယ်၊ ထန်းတပင်မြို့နယ်များနဲ့ ဆက်စပ်လျက်ရှိနေတဲ့ လှိုင်မြစ်ကိုဒိုးယိုပေါက်ရှိခဲ့ရာမှ ယခုအခါမှာဆိုရင် မြစ်တိမ်ကောလာမှု ဆိုးရွားတဲ့အခြေအနေကိုရောက်ရှိခဲ့ပါတယ်။ မြစ်ကြောင်းမှာနုန်းပို့ချမှု၊ သောင်ဖြစ်ထွန်းမှုများလာခြင်းအပြင် တမင် ဒီရေလမ်းကြောင်းပိတ်ခြင်း၊ ရေးလမ်းလွှဲခြင်းကို ကိုယ်ကျိုးစီးပွားအဖြစ် ဥပဒေမဲ့ဆောင်ရွက်ခြင်းများ အမျိုးမျိုးပြုလုပ်နေခဲ့ခြင်းကြောင့် မြစ်တိမ်ကောလာတာဟာဆိုရင် ရေမြောင်းလောက်သာ ရေစီးဆင်းနိုင်ပါတော့တယ်။ ထိုကဲ့သို့ မြစ်ကြောင်းတိမ်ကောလာတဲ့အတွက် မြစ်အတွင်း မိုးရေစီးဆင်း

မှုနဲ့ ရေထွက်ပေါက်များမရှိတော့သဖြင့် ရေကြီးရေလျှံမှုများ ပိုမိုဆိုးရွားလာခဲ့ပြီးတော့မှ လှိုင်သာယာမြို့နယ် အလုံနဲ့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရပ်ကွက်များ၊ ကျေးရွာများ၊ တွံတေးမြို့နယ်များမှာ ရေမြုပ်ဧရိယာများ ပိုမိုများပြားလာပါတယ်။ လှိုင်သာယာမြို့နယ် တောင်ဘက်ခြမ်းမှာရှိတဲ့ ကျွန်းကြီးရွာ၊ အပြင်ပဒံ၊ တွင်းပဒံ၊ အနော်ရထာစက်မှုဇုန်၊ မေဥယျာဉ်အိမ်ရာ၊ ရွှေသံလွင်စက်မှုဇုန်၊ ထို့အပြင် ဇုန်(၅)၊ နည်းပညာတက္ကသိုလ်ဝန်းကျင်တို့မှာ ရေလွှမ်းမိုးမှုများ ကြာရှည်ဖြစ်ပေါ်လျက်ရှိပါတယ်။ နည်းပညာတက္ကသိုလ် (GTC) ကျောင်းသူကျောင်းသားတွေဟာ ကျောင်းထဲကို ဖိနပ်ချွတ်ပြီးတော့ ဝင်ပြီးရေထဲမှာပဲ စာသင်ခန်းထဲဝင်ပြီး စာမေးပွဲဖြေနေရကြောင်းကိုလည်း ကြားသိရပါတယ်။ ထို့အပြင် မြို့ရွာစက်မှုဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်အခက်အခဲရှိနေခြင်းနဲ့ မြေယာကျူးကျော်မှုများ၊ မှုခင်းများ၊ ဥပဒေမဲ့နေထိုင်မှုများ၊ အုပ်စုဖွဲ့မတရားပြုမှုများလည်း ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အနီးကပ်ရှိနေပါသော်လည်း တစ်နေ့တခြားဆိုးရွားလာနေပြီးတော့ တခြားဆိုးကျိုးများလည်းဖြစ်ပေါ်လာနိုင်ပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ ပန်းလှိုင်မြစ်တိမ်ကောမှုကြောင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ ရေကြီးရေလျှံမှုဖြစ်ခြင်း၊ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ခြင်း၊ ဂေဟစနစ်များပျက်စီးရခြင်းနဲ့ နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်ရခြင်းများ အချိန်မီထိန်းသိမ်းကာကွယ်နိုင်ရန် ပန်းလှိုင်မြစ်ကြောင်း ထိန်းသိမ်းရေးနဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်မှ မေးထားတဲ့ ပန်းလှိုင်မြစ်တိမ်ကောမှုအတွက် နောက်ဆက်တွဲဆိုးကျိုးများ အချိန်မီထိန်းသိမ်းကာကွယ်နိုင်ရန် ပန်းလှိုင်မြစ်ကြောင်း ထိန်းသိမ်းရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပန်းလှိုင်မြစ်ဟာ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့အနီး ဧရာဝတီမြစ်မကြီးမှ ခွဲထွက်စီးဆင်းလာပြီး ညောင်တုန်း

မြို့နယ် မဲဇလီကျေးရွာတွင် ပန်းလှိုင်မြစ်နှင့် ကုက္ကိုဝမြစ်အဖြစ်ခွဲ၍ စီးဆင်းပါတယ်။ ပန်းလှိုင်မြစ်ဟာ မဲဇလီကျေးရွာအောက်ဘက် ငှက်ပျောကျွန်း၊ ခတ္တိယ၊ မြဂဲ၊ စံတယော်၊ တက်သစ်ရွာများကို ဖြတ်သန်း လျက် ဆင်မလိုက်သဘော်ာကျင်းအနီးတွင် လှိုင်မြစ်နှင့်ပေါင်းဆုံစီးဆင်းပါတယ်။ ပန်းလှိုင်မြစ်ဟာ စုစုပေါင်းအလျား ၃၄ မိုင်ခန့် ရှည်လျားပြီး မဲဇလီရွာ အောက်ဘက် ၁ မိုင်အကွာ အုန်းပင်စုရွာမှစ၍ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် စံတယော်ရွာအထိ အလျား ၁၆ မိုင်ဟာ ပန်းလှိုင်မြစ် ရေစီးရေလာ မကောင်းခြင်းကြောင့် အနည်များပို့ချသဖြင့် ၂၀၀၅ ခုနှစ်ခန့်မှ၍ တဖြည်းဖြည်း တိမ်ကောလျက်ရှိပါ တယ်။ ပန်းလှိုင်မြစ်အတွင်း စီးဝင်သောချောင်းများအနက် ပုဇွန်ချောင်း၊ ဖိုးတောချောင်း၊ ကျွဲတရွတ် ချောင်း၊ ခနောင်ချောင်း၊ စံတယော်ချောင်းတို့ဟာလည်း မြစ်ကြမ်းပြင် Bed Level မြင့်တက်နေပြီး ရေစီးရေလာမကောင်းသဖြင့် ပိတ်ဆို့လျက်ရှိပါတယ်။ ရေတံခါးများ Sluice Gate တပ်ဆင်ထားသော ချောင်းများဖြစ်သည့် မြစ်ကလေးချောင်း၊ ခနောင်ပေါ်ချောင်း၊ ခတ္တိယချောင်း၊ ထိုးဝါးချောင်းစသည် တို့မှာလည်း ပန်းလှိုင်မြစ်တိမ်ကောမှုနှင့်အတူ ရေတံခါးများမှာ နုန်းများပိတ်ဆို့နေသဖြင့် ဖွင့်/ပိတ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ပန်းလှိုင်မြစ်ဟာ ယခင်က ရေယာဉ်ဝင်/ထွက်သွားလာနိုင်သော မြစ်တစ်ခုဖြစ်ခဲ့သော်လည်း မြစ်ကမ်းဝဲယာဘေးမှာ ကျူများ၊ ကိုင်းများပေါက်ရောက်ပိတ်ဆို့ခြင်း၊ ရေကြောင်းပိတ်၍ ကျားပိုက်များ ထောင်ခြင်းတို့ကြောင့် ရေစီးရေလာမကောင်းသည့်အတွက် နုန်းများ တစ်နှစ်ထက်တစ်နှစ်ပိုမို၍ပို့ချ လာခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ပန်းလှိုင်မြစ်၏ မြစ်ညာဘက်မှာ တိမ်ကောနေမှုကြောင့် မြစ်ညာ ဘက်မှစီးဆင်းလာသည့် ရေစီးကြောင်းမရှိတော့ဘဲ ဒီရေအကျိုးသက်ရောက်သည့် မြစ်ဖြစ်သည့် အားလျော်စွာ တက်သစ်ရွာအနီးအထိသာလျှင် ရေပြည့်ချိန်မှာ စက်လှေငယ်များသွားလာနိုင်ပါတယ်။ ရေတက်နှင့်အတူ ပါလာတဲ့သဲနုန်းများ ရေပြန်အကျမှာပြန်လည်စီးပါခြင်းမရှိဘဲ အနည်ထိုင်ပို့ချမှု ကြောင့် မြစ်ကြောင်းမှာ တစ်နှစ်ထက်တစ်နှစ်ပို၍ တိမ်ကောလာရခြင်းဖြစ်ပါတယ်။ ပန်းလှိုင်မြစ်ဟာ ဖိုးတောအင်း၊ မလက်တိုအင်း၊ လက်ကြားအင်းနဲ့ တွံတေးမြို့နယ်အတွင်းရှိအင်းများမှ စိုက်ပျိုးရေး ပိုလျှံရေများအား မြစ်အတွင်းသို့ စွန့်ထုတ်ရာ Drain အဖြစ် ယခင်က အသုံးပြုခဲ့ကြသော်လည်း ယခုအခါ ပိုလျှံရေများ မစွန့်ထုတ်နိုင်ခြင်းကြောင့် အဆိုပါအင်းများအတွင်း ကျေးရွာများနှင့် ပန်းလှိုင် မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် မိုးရာသီတွင် ရေကြီးရေလျှံခြင်း၊ စိုက်ပျိုး၍မရနိုင်ခြင်း၊ ငါးမွေးမြူရေးကန်များပျက်စီးခြင်း စသည်တို့ဖြင့် ကြုံတွေ့ကြရခြင်းဖြစ်ပါတယ်။ ပန်းလှိုင်မြစ် ရေစီး ရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မည်ဆိုပါက မြစ်ကြောင်းများအား ပြန်လည်တူးဖော်ခြင်း၊

ပိုလျှံရေစွန့်ထုတ်သည့် ချောင်းငယ်များတူးဖော်ခြင်း၊ ရေထိန်းတံခါးများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ ရေထိန်းတံခါးအသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပန်းလှိုင်မြစ် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများဟာ လုပ်ငန်းပမာဏကြီးမားခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် နှစ်အလိုက် စီမံချက်ရေးဆွဲဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြီးများတွင်သာ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအားဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ပန်းလှိုင်မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရန်ပုံငွေသတ်မှတ်ထားခြင်းမရှိပါ။ သို့ရာတွင် ယင်းနေရာများအား အသေးစိတ်ကွင်းဆင်းတိုင်းတာ၍ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်သင့်သော အစီအမံများဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေရရှိရေးအတွက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ် မူတည်၍ စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချမ်းမြသာစည် လေယာဉ်ကွင်းကြီးအား ပြည်သူ့ရင်ပြင်အဖြစ်လည်းကောင်း၊ ပညာရေးဆိုင်ရာတက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၊ နိုင်ငံတော်ပိုင် ခေတ်မီဆေးရုံကြီးများတည်ရှိရာနေရာအဖြစ်လည်းကောင်း သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ချမ်းမြသာစည်လေယာဉ်ကွင်းကြီးနှင့် ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချမ်းမြသာစည်လေယာဉ်ကွင်းကြီးကို မြို့အင်္ဂါရပ်နှင့်အညီ ခမ်းနားထည်ဝါစွာဖြစ်အောင် အစိုးရမှမည်သို့ဆောင်ရွက်မည်နည်းဟူသောမေးခွန်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်

အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အရပ်ဘက်လေယာဉ်မောင်းသင်တန်းကျောင်းနှင့် Flying Class ဖွင့်လှစ်မည်ဖြစ်သောကြောင့် မြို့ကျက်သရေဆောင်လေကြောင်းပညာပေးဌာနကြီးဖြစ်ပေါ်လာမည်ဟု ၂၁-၂-၂၀၁၂ ရက်နေ့တွင် ဖြေကြားခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ မပြီးပြတ်သေးတဲ့ လုပ်ငန်းများအတွက် ဖြေကြားချက်က နိုင်ငံတကာအဆင့်မီ ပြည်တွင်းလေယာဉ်မောင်းသင်တန်း ကျောင်းဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရာ ၄-၅-၂၀၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုသတင်းအချက်အလက်စုဆောင်းရှာဖွေမြှင့်တင်ရေးအဖွဲ့ရဲ့ (၁၂/၂၀၁၂) အစည်းအဝေးမှ အဆိုပြုတင်ပြချက်များအပေါ် လိုအပ်ချက်များအားဖြည့်ဆည်း ဆောင်ရွက်ရန် ညွှန်ကြားခဲ့သဖြင့် ပြုပြင်ဆောင်ရွက်ဆဲဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မပြီးပြတ်သေးတဲ့လုပ်ငန်းများအတွက် ဖြေကြား ချက်ကတော့ မြန်မာ့လေကြောင်းမှ လေယာဉ်ငယ်များဖြင့် ချမ်းမြသာစည်လေဆိပ်တွင် အခြေပြု၍ အထက်မြန်မာပြည်ခရီးစဉ်များ တိုးချဲ့ ပြေးဆွဲရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၅၀ တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိပါက လေယာဉ်ပြေးလမ်းကြောင်းမြောက်ဘက် Touchdown Zone ထောင့်စုံအတွင်း ပျက်စီးနေသော ပေ ၂၅၀ အားစည်းလောင်းချင်းပြုလုပ်၍ ဆောင်ရွက်မည် ဟုဖြေကြားခဲ့ပါတယ်။ အခုကျွန်တော်တင်ပြချက်များဟာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ချမ်းမြသာစည် လေယာဉ်ကွင်းအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့အကြောင်းအရာများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချမ်းမြသာစည်လေယာဉ်ကွင်းကြီးဟာ ၂၀၀၀ ခုနှစ် ၉ လပိုင်းအထိသာလျှင် လေယာဉ်အတက်အဆင်း ပြုလုပ်ခဲ့ပါတယ်။ ၎င်းနောက် ယခုအချိန်အထိ လေယာဉ်အတက်အဆင်းမပြုလုပ်တော့ပါ။ လက်ရှိ အခြေအနေအရ လေယာဉ်ကွင်းကြီးအား အသုံးမပြုတော့သည်မှာ ၁၀ နှစ်ကျော် ၁၃ နှစ်နီးပါး အချိန် တိုင်သည့်အတွက် ခြုံနွယ်ပိတ်ပေါင်းများထလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချမ်းမြသာစည် လေယာဉ်ကွင်းကြီးဟာ မန္တလေးမြို့တော်ကြီး၏ အချက်အခြာဗဟိုဖြစ်တဲ့နေရာတစ်ခုဖြစ်နေပါတယ်။ လေယာဉ်မောင်းသင်တန်းကျောင်းများ တည်ရှိသင့်သည့် နေရာမဟုတ်ဟု အများပြည်သူများကယူဆ နေကြပါတယ်။ ပြည်သူများအတွက် အန္တရာယ်ဖြစ်မည်ကိုလည်း စိုးရိမ်ကြောင့်ကြဖြစ်နေကြပါတယ်။ နိုင်ငံတကာအဆင့်မီ တံတားဦးလေဆိပ်ကြီးရှိနေ၍ လေယာဉ်ကွင်းငယ်အဖြစ် ပြုလုပ်ရန်မလိုတော့ဟု အများပြည်သူများကယူဆနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွက် အဓိကလိုအပ်ချက် ဖြစ်တဲ့ ကမ္ဘာ့အဆင့်မီပညာရေးဆိုင်ရာတက္ကသိုလ်များ သို့မဟုတ် ကမ္ဘာ့အဆင့်မီကျန်းမာရေးဆိုင်ရာ

တက္ကသိုလ်များ၊ ကမ္ဘာ့အဆင့်မီနိုင်ငံတော်ပိုင်ဆေးရုံကြီးများ ပေါ်ထွန်းရာနေရာကြီးအဖြစ်လည်းကောင်း၊ မန္တလေးမြို့သူမြို့သားများ၏ကျက်သရေဆောင် ပြည်သူ့ရင်ပြင်ကြီးကဲ့သို့ နေရာမျိုးသာဖြစ်သင့်သည်ဟု မြို့သူမြို့သားများက ထင်မြင်ယူဆနေကြပါသည်။ သို့ပါ၍ ကျွန်တော်မေးလိုသောမေးခွန်းမှာ ချမ်းမြသာစည် လေယာဉ်ကွင်းကြီးအား လေယာဉ်မောင်းသင်တန်းကျောင်း (Flying Class) လေယာဉ်ငယ်ကွင်းအဖြစ်မပြုလုပ်တော့ဘဲ နံပါတ်(၁) မန္တလေးမြို့တော်ကြီး၏ ကျက်သရေဆောင် ပြည်သူ့ရင်ပြင်အဖြစ်လည်းကောင်း ထိုသို့မဖြစ်နိုင်ပါက နံပါတ်(၂) နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ပညာရေးဆိုင်ရာတက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ၊ နိုင်ငံတော်ပိုင် ခေတ်မီဆေးရုံများတည်ရှိသည့် နေရာကြီးသာဖြစ်သင့်ကြောင်းနှင့် ၎င်းကဲ့သို့ ရှိနိုင်/မရှိနိုင် သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မှ ချမ်းမြသာစည် လေယာဉ်ကွင်းကြီးအား ပြည်သူ့ရင်ပြင်အဖြစ်လည်းကောင်း ပညာရေးဆိုင်ရာတက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ၊ နိုင်ငံတော်ပိုင်ခေတ်မီဆေးရုံကြီးများ တည်ရှိရာနေရာအဖြစ်လည်းကောင်း သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်မှပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ချမ်းမြသာစည်လေယာဉ်ကွင်းဟာ အလျား ၆၅၀၀ ပေ၊ အကျယ်ပေ ၁၀၀ ရှိသော နိုင်လွန်ကတ္တရာခင်းထားတဲ့ ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သည့် သမိုင်းဝင် လေယာဉ်ကွင်းတစ်ကွင်းလည်းဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးချိန်တွင် အောက်မြန်မာပြည်၌ မင်္ဂလာဒုံလေယာဉ်ကွင်း၊ အထက်မြန်မာပြည်၌ ချမ်းမြသာစည်လေယာဉ်ကွင်းတို့ကို တည်ဆောက်ဖွင့်လှစ်အသုံးပြုခဲ့ပါတယ်။ အထက်မြန်မာပြည်၏ အချက်အခြာကျသော လေယာဉ်ကွင်းအဖြစ် လွတ်လပ်ရေးရပြီးချိန်မှ ၂၀၀၀ ပြည့်နှစ်အထိ ၅၂ နှစ် သက်တမ်းအသုံးပြုခဲ့သော သမိုင်းဝင်တန်ဖိုးကြီးမားသည့် လေယာဉ်ကွင်းတစ်ကွင်းလည်းဖြစ်ပါတယ်။

တပ်မတော်အစိုးရလက်ထက်တွင် တံတားဦးနှင့် ဟံသာဝတီတို့၌ နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီး ၂ ခု တည်ဆောက်ရန် စီမံခဲ့ကြပါတယ်။ သို့ရာတွင် တံတားဦးမြို့တွင် မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်တစ်ခုသာ တည်ဆောက်နိုင်ခဲ့ပြီး ဟံသာဝတီလေဆိပ်ကြီးကို တည်ဆောက်နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဖွင့်လှစ်ပြီးနောက် နိုင်ငံတကာလေကြောင်းလိုင်းများအား လေဆိပ်အသစ်ကြီးတွင် ဆင်းသက်စေပြီး ချမ်းမြသာစည် လေယာဉ်ကွင်းကို ပြည်တွင်းလေယာဉ်များ ဆက်လက်အသုံးပြုရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့ရာတွင် ထိုစဉ်ကရှိနေသည့် နိုင်ငံတော်၏ နိုင်ငံရေးနှင့်စီးပွားရေးအခြေအနေအရ နိုင်ငံတကာလေယာဉ်များဆင်းသက်မှု အလွန်နည်းပါးသည့်အတွက် ပြည်တွင်းလေယာဉ်များပါ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်စေခဲ့ပါတယ်။ ယခုအခါ နိုင်ငံတကာလေယာဉ်များ ဆင်းသက်လာမှုပိုမိုများပြားလာသည့်အတွက် ချမ်းမြသာစည်လေယာဉ်ကွင်းအား နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်း၏လေယာဉ်ငယ်များ အခြေပြုပြေးဆွဲရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

ဖြည့်စွက်တင်ပြရမယ်ဆိုလို့ရှိရင်တော့ ဒီမေးခွန်းကို ဖြေကြားပြီးလည်းဖြစ်ပါတယ်။ ဒီလိုလေကြောင်းလိုင်းများ ပြေးဆွဲနိုင်ရန်အတွက် အမေရိကန်နိုင်ငံက ကာရဗင် လူ ၁၀ ယောက်စီးလေယာဉ် ၂ စီး ဝယ်ယူထားရှိပြီးဖြစ်ပါတယ်။ ပိုင်းလော့များ ယခုလအတွင်းမှာ သွားရောက်ပြီးတော့မှ သင်တန်းတက်ရောက်ပြီးတော့မှ သယ်ဆောင်မှာဖြစ်ပါတယ်။ ဒီလေယာဉ်ငယ်များ အခြေပြုပြေးဆွဲဖို့လုပ်ငန်းဟာ လက်တွေ့အကောင်အထည်ဖော်လာမှာဖြစ်ပြီးတော့ မန္တလေးအခြေစိုက်ပျံသန်းပြေးဆွဲပြီးတော့မှ လေယာဉ်ကွင်းငယ်များဖြစ်တဲ့ ကျောက်ထု၊ လားရှိုး၊ ပူတာအို၊ ခန္တီး စတဲ့ကွင်းများကို ခရီးသည်ရှိတဲ့ အရေအတွက်အရ ဖြည့်စွက်ပြေးဆွဲနိုင်ဖို့ စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

၎င်းအပြင် မြန်မာနိုင်ငံမှ နေ့စဉ်ဖြတ်ကျော်ပျံသန်းလျက်ရှိသော အပြည်ပြည်ဆိုင်ရာ လေယာဉ် ၁၅၀ စီးခန့် ဆုံရပ်/သတင်းပို့ရပ်ဖြစ်တဲ့ ချမ်းမြသာစည်လေယာဉ်ကွင်းမှာ လေကြောင်း လမ်းညွှန်စက်ကြီးများ တပ်ဆင်ထားရှိပြီး အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့ အသိအမှတ်ပြုဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလေယာဉ်ကွင်းနှင့် အထက်မြန်မာနိုင်ငံတစ်ခုလုံး ရာသီဥတုအခြေအနေကို စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် ဧရိယာအချင်း ၉၀၀ ကီလိုမီတာအထိ လွှမ်းခြုံကြည့်ရှုနိုင်သော အမေရိကန်ဒေါ်လာ ၁၂ သန်းတန်ဖိုးရှိတဲ့ မိုးလေဝသရေဒါ စခန်းကြီးတစ်ခုကို ဂျပန်နိုင်ငံ JICA ရဲ့ အကူအညီဖြင့် လေယာဉ်ကွင်းတွင်တည်ဆောက်သွားရန် စီမံထားရှိပြီးဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးမြို့တွင် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ် ၆ ခုဖွင့်လှစ်ထားရှိပြီးဖြစ်၍ ဆေးဘက်ဆိုင်ရာတက္ကသိုလ် ထပ်မံဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်းနှင့် ဆေးရုံ ၁၁ ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ မန္တလေးမြို့သစ်နှင့် ၃၅ လမ်းတို့တွင် ဆေးရုံတည်ဆောက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးဖြစ်သဖြင့် ချမ်းမြသာစည်လေဆိပ်တွင် ဆေးရုံနှင့်တက္ကသိုလ်များ တည်ဆောက်ဖွင့်လှစ်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားထားပါတယ်။ သို့ဖြစ်ပါ၍ ချမ်းမြသာစည်လေယာဉ်ကွင်းဟာ မန္တလေးမြို့၏ ကျက်သရေဆောင် နန်းမြို့ရိုးနှင့် မန္တလေးတောင်ကဲ့သို့ မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးသမိုင်းဝင်တန်ဖိုးကြီးမားသော ကျက်သရေဂုဏ်ဆောင် နေရာတစ်ခုအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံပိုင်လေယာဉ်များ ဆင်းသက်အသုံးပြုခြင်း၊ အထက်မြန်မာပြည် မိုးလေဝသရေဒါစခန်း ဆောက်လုပ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ၏ Reporting Point အဖြစ်ဆက်လက်ထိန်းသိမ်းခြင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း၏ အရန်လေယာဉ်ကွင်းအဖြစ် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆက်လက် တင်ပြခွင့်ပြုပါ။ ဝန်ကြီးပြောသွားတဲ့ဟာတွေလည်း ကျွန်တော်တို့သဘောပေါက်ပါတယ်။ သို့သော်လည်းပဲ အခုခေတ်အခြေအနေအရ ဒီလေယာဉ်ကွင်းကိုပြန်ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ ဘေးဝန်းကျင်မှာ ပြည်သူ၊ မြို့သူမြို့သားများရဲ့ အဆောက်အဦတွေဟာလည်းပဲ အင်မတန်မြင့်မားနေပါတယ်။ အရှေ့ဘက်မှာဆိုရင် ကျွန်တော်တို့ အားကစားအဆောက်အဦကြီးများ ၆ ထပ်၊ ၇ ထပ် အနောက်ဘက်မှာလည်း မြို့သူမြို့သားများရဲ့ တိုက်တွေဟာ ၆ ထပ်၊ ၇ ထပ် အများကြီးဝန်းရံနေပါတယ်။ ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ ကျွန်တော်တို့ အနှစ် ၄၀ လောက်ကတော့ အဲဒါမြို့အပြင်ပါ။ မြို့အပြင်ဖြစ်တဲ့အတွက် ဘယ်သူမှမရှိတဲ့အတွက် လွတ်လွတ်လပ်လပ် လေယာဥ်တွေဟာ ဆင်းသက်နိုင်ပါတယ်။ လေယာဥ်ရဲ့ သဘာဝက အမြဲတမ်းဘယ်တော့မှ ပုံမှန်ကောင်းနေတာ မဟုတ်ပါဘူး။ ပျက်စီးတတ်တဲ့အခါလည်းရှိပါတယ်။ အဲဒီမှာလည်းပဲ လေယာဥ်ကွင်းမှာလည်းပဲ ဟိုယခင်က လေယာဉ်တွေ ပျက်စီးခဲ့တာတွေလည်းရှိပါတယ်။ လမ်းချော်ခဲ့တာရှိပါတယ်။ အဲဒီတုန်းကတောင်မှ ကျွန်တော်တို့ ဒီအဆောက်အဦတို့ မြို့လယ်မဟုတ်ဘဲနဲ့ မြို့စွန်မှာရှိစဉ်တောင်မှ အဲလိုဖြစ်ရင် ကျွန်တော်တို့ ယခု မြို့အလယ်မှာဖြစ်တဲ့အတွက် ပြည်သူများအတွက် အင်မတန်အန္တရာယ်များပါတယ်။ ကျွန်တော်တို့ မှတ်တမ်းတင်စရာနေရာကြီးဖြစ်သော်လည်းပဲ အဲဒါ လေယာဉ်ဆင်းဖို့ရာအတွက် မသင့်တော်လို့ ကျွန်တော်တို့ မြို့သူမြို့သား

များကနေပြီးတော့ တင်ပြခိုင်းတဲ့အတွက် ဒါလေးကိုတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးအား လေယာဉ်အဆင်းအတက်လုပ်နေရင်တော့ ကျွန်တော်တို့ မန္တလေးမြို့သူမြို့သားတွေဟာ အန္တရာယ်ရှိပါတယ်ဆိုတဲ့အကြောင်းကို ဝန်ကြီးအနေနဲ့ ပြန်လည်စဉ်းစားဖို့ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပ်မံဖြေဆိုရမယ့် မေးခွန်းမဟုတ်ပါ။ ဒါကြောင့်မို့လို့ တင်ပြချက်ပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက စဉ်းစားသုံးသပ်ပြီးဆက်လက်ဆောင်ရွက်ဖို့သာရှိပါတယ်။ ဒီကိစ္စလည်းဒီမှာတစ်ခါတည်း တစ်ပါတည်းဖြေလို့ရနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ကမာရွတ်မြို့နယ်မှ မော်တော်ယာဉ်အလုပ်သမားများ၊ အစုရှယ်ယာရှင်များပိုင်ဆိုင်သော မြေကွက် ၂ ကွက်ကို လေလံတင်ရောင်းခဲ့ကြောင်း သိရှိခဲ့ရသဖြင့် မည်သို့အရေးယူဆောင်ရွက်ထားကြောင်း သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော် ဂါရဝပြုရင်း နှုတ်ခွန်းဆက်

ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ ကမာရွတ်မြို့နယ်က အင်းစိန်မော်တော်ယာဉ် အသင်းသူအသင်းသားများ၊ အစု ရှယ်ယာရှင်များကနေပြီးတော့ တင်ပြလာတဲ့၊ သူတို့ပိုင်ဆိုင်တဲ့ မြေကွက်ကြီး ၂ ကွက်ကို လေလံတင် ရောင်းချတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာက မည်ကဲ့သို့အရေးယူဆောင်ရွက်ထားကြောင်း သိရှိလိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ထံကိုတင်ပြသွားတဲ့ ကမာရွတ်မြို့နယ်က အင်းစိန်မော်တော်ယာဉ် အသင်းသူအသင်းသားများရဲ့ တင်ပြချက်အရ အင်းစိန်မော်တော်ယာဉ် အသင်းကို ၁၉၅၂ ခုနှစ်က စတင်ပြီးတော့ တည်ထောင်ထားတဲ့အကြောင်း အဲဒီမော်တော်ယာဉ်အသင်း အနေနဲ့ အင်းစိန်-ရန်ကုန် ဘတ်စ်ကားလိုင်းတွေကို ပြေးဆွဲဆောင်ရွက်ခဲ့တဲ့အကြောင်း၊ အဲဒီအချိန်မှာ အင်းစိန်မော်တော်ယာဉ်အသင်းအနေနဲ့ ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီး အမှတ် (၂) ရပ်ကွက် မြေတိုင်းရပ်ကွက် အမှတ်(၇၆)၊ မြေကွက်အမှတ်(၉) ဧရိယာ ၁.၉၄၆ ရှိတဲ့ မြေကွက်နှင့် မြေကွက် အမှတ် (၁၂) A ဧရိယာ ဝ.၈၂၆ မြေကွက်တို့ကို အသင်းပိုင်အနေနဲ့ ဝယ်ယူပြီးတော့ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့အကြောင်း အဲဒီမြေကွက်ဟာ ယနေ့အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြမြေယာနှင့်မြေစီမံခန့်ခွဲရေးဌာနမှ အင်းစိန်မော်တော်ယာဉ်အသင်း အမည်ပေါက်လျက် ရှိကြောင်း သူတို့တင်ပြပါတယ်။ ဖြစ်စဉ်အရ ၁၉၅၂ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တဲ့ အသင်းရဲ့ လုပ်ငန်းတွေကို ၁၉၆၂ ခုနှစ်၊ ၁၉၆၃ ခုနှစ်မှာ ကုန်းလမ်းပို့ဆောင်ရေး RTC ကနေပြီး လွှဲပြောင်း ပြီးတော့ အဆောက်အဦတွေအသုံးပြုပြီး လုပ်ငန်းကိုဆောင်ရွက်ခဲ့ပါတယ်။ သူတို့ရဲ့တင်ပြချက်အရ မြေနှင့်အဆောက်အဦတွေကို အသုံးပြုသော်လည်းပဲ အဲဒီအချိန်က အသင်းပိုင်တဲ့မြေကွက်ကို နိုင်ငံပိုင် ပြုလုပ်ခြင်းနှင့် ပြည်သူပိုင်သိမ်းဆည်းခြင်းမှ ပါဝင်ခြင်းမရှိကြောင်း သိရပါတယ်ဆိုပြီးတော့ တင်ပြပါ တယ်။ နောက် ၁၉၉၆ ခုနှစ်ရောက်တဲ့အခါကျတော့ ဒီမြေကွက်တွေကို ကုန်းလမ်းပို့ဆောင်ရေးဌာနက အသုံးမပြုတဲ့အတွက် အင်းစိန်မော်တော်ယာဉ်အသင်းကို ပြန်လည်ပြီးတော့ပေးဖို့ သူတို့ဆောင်ရွက် ခဲ့တယ်လို့ဆိုပါတယ်။ ဒီနေ့အထိ ဒီမြေကွက်နှင့်ပတ်သက်တဲ့ အခွန်အခတွေကိုလည်းပဲ အင်းစိန် မော်တော်ယာဉ်အသင်းအနေနဲ့ ပေးနေရပါတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ ဒီမြေကွက် ၂ ကွက်ကို ကုန်းလမ်းပို့ဆောင်ရေးဌာနကအမည်ပြောင်းဖို့အတွက်ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်ရဲ့ ၂၄-၈-၂၀၀၅ ရက်စွဲပါစာအမှတ်၊ ၁၀ ဖဆ မြို့ပြ-၅၅၄ /၂၀၀၅ ဖြင့်လျှောက်ထားခဲ့တဲ့အခါမှာ ရန်ကုန်မြို့တော်

စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနမှ ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခဲ့တယ်လို့ဆိုပါတယ်။ ရှေ့နေချုပ်ရုံးက ၁၃-၉-၂၀၀၅ ရက်စွဲပါစာအမှတ်၊ ၂၆၁၃၅၇ ဖြင့်ပြန်ကြားရာမှ ၎င်းမြေကွက် ၂ ကွက်ကို အင်းစိန်မော်တော်ယာဉ်အသင်းမှ မူလအမည်ပေါက်ပိုင်ဆိုင်တယ်ဆိုတာ မှန်ကန်ကြောင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်ကြောင်းပြုလုပ်လိုပါက Land Acquisition Act 1947 အရ သိမ်းယူပိုင်ဆိုင်နိုင်ကြောင်း ပြန်တမ်းတင်ပြလျှောက်ထားရန်လိုအပ်ကြောင်းပြန်ကြားခဲ့သည်ဟု ဆိုပါတယ်။ အဲဒီလိုဆောင်ရွက်နေတဲ့အချိန်မှာပဲ အသင်းသူ အသင်းသားများကလည်း သက်ဆိုင်ရာများကို ဒီမြေနေရာပြန်ရဖို့အတွက် အသနားခံစာများတင်ပြပြီး ဆောင်ရွက်ခဲ့တဲ့အချိန်မှာ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ ၂၂ ရက်နေ့မှာ ဒီမြေကွက် ၂ ကွက်ကို လေလံတင်ရောင်းချခဲ့ကြောင်းသိရတယ်လို့သူတို့တင်ပြပါတယ်။ ဒီအတွက်လည်းပဲ ဒီအသင်းသူအသင်းသားတွေဟာ သမ္မတကြီးထံအသနားခံစာတင်ပြပြီးတော့ သက်ဆိုင်ရာများကိုလည်းပဲ တင်ပြခဲ့တယ်လို့ဆိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်လို့ဖော်ပြထားတဲ့အတွက်ကြောင့် ကျွန်တော်ရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ အသင်းသူအသင်းသားတွေက ယခုကိစ္စနှင့်ပတ်သက်ပြီးတော့ သူတို့အတွက် သက်ဆိုင်ရာမှ မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်မှာကြယ်ပွင့်ပြမေးခွန်းမေးမြန်းရာမှာ တင်ပြတဲ့အတွက်ကြောင့် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးအထူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းငွေး(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားတင်ပြပါမယ်။ မေးခွန်းမှာပါတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ရန်ကုန်-အင်းစိန်လမ်း မြေကွက်အမှတ် ၉၆ နှင့် မြေကွက်အမှတ် ၁၂၈ တို့နှင့်ပတ်သက်လို့ ဖြစ်စဉ်အကျဉ်းချုပ်ကတော့ တော်လှန်ရေးကောင်စီအစိုးရ လက်ထက် ၁၉၆၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌရုံးခန်းမှာ

ပြုလုပ်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ထိုစဉ်က လုပ်ငန်းလိုအပ်ချက်အရဆိုပြီးတော့ အဲဒီ မြေကွက် ၂ ကွက်ကို ပြည်သူပိုင်သိမ်းယူပြီးတော့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ကို လွှဲပြောင်း လက်ခံစေခဲ့တယ်လို့ စိစစ်တွေ့ရှိရပါတယ်။ အဲဒီမြေနေရာတွေပေါ်မှာ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ကမာရွတ်)အဖြစ်နဲ့ ကုန်တင်ယာဉ်ကြီးတွေနဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်း နိုင်ငံတော်ကာကွယ်ရေးစစ်ဆင်ရေးလုံခြုံရေးလုပ်ငန်းများအတွက် တပ်ရိက္ခာများ၊ တပ်မတော် သားများနှင့် ကုန်ပစ္စည်းများပို့ဆောင်ပေးခြင်း၊ နိုင်ငံတော်စီမံကိန်းဝင် ကုန်ပစ္စည်းများပို့ဆောင်ပေးခြင်း နှင့် နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ အခမ်းအနားများမှာ ပို့ဆောင်ရေးလုပ်ငန်းများကို ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့က စပြီးတော့ ၁၉၉၆ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကျော် တစ်ဆက်တည်း အသုံးပြုခဲ့ ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်မှာ ၆ တန်ခွဲကုန်တင်ယာဉ်ကြီးတွေကို ရန်ကုန်မြို့တွင်းကို ဝင်ရောက်ခွင့် မပြုတော့တဲ့ အတွက် အဲဒီဌာနခွဲကို ဘုရင့်နောင်လမ်းကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး လစ်လပ် သွားတဲ့ မြေကွက် ၂ ကွက်ကို နိုင်ငံတော်ကိုအပ်နှံခြင်းမပြုမီကာလအတွင်းမှာ ပုဂ္ဂလိကကိုငှားရမ်း ပြီးတော့ ရရှိငွေတွေကို နိုင်ငံတော်ဘတ်ဂျက်ကို ပေးသွင်းခဲ့ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

၁၉၂၈ ခုနှစ်မှာတော့ ရန်ကုန်မြို့မှာ အဲဒီအချိန်က ဖွဲ့စည်းဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံတော်ပိုင် အဆောက်အဦများ၊ အစိုးရရုံးဌာနအဆောက်အဦများ၊ ဌာနဆိုင်ရာ လူနေအိမ်များ လွှဲပြောင်းအပ်နှံရေး နှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ စိစစ်ကြပ်မတ်ရေး (ဝန်ကြီးဌာနများနှင့် နယ်ဘက်အဖွဲ့အစည်း များဆိုင်ရာ) လုပ်ငန်းကော်မတီ ပေါ်ပေါက်လာပါတယ်။ အဲဒီကော်မတီက ဥက္ကဋ္ဌ စာရင်းစစ်ချုပ်နှင့် အဖွဲ့ဝင်တွေက မြေပြင်မှာ ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးတော့ ဌာနကအသုံးမလိုတော့တဲ့အတွက် အဲဒီ မြေကွက် ၂ ကွက်ကို နိုင်ငံတော်ပိုင်မြေအဖြစ် အပ်နှံစေခဲ့ပါတယ်။ နောက်တစ်ခါ အဲဒီကော်မတီကပဲ လက်ခံရရှိထားတဲ့ အဆောက်အဦတွေအနက် ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ဆောက်လုပ်ခဲ့ပြီးတော့ အပြီး အပိုင် ရောင်းချသင့်တယ်လို့ ဆုံးဖြတ်တဲ့အဆောက်အဦများ၊ မြေများစာရင်းထဲမှာ အဲဒီမြေကွက် ၂ ကွက်ပါခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကုန်းလမ်း ပို့ဆောင်ရေးဌာနပိုင် ကမာရွတ်မြို့နယ်၊ အမှတ် (၁၂၈) အင်းစိန်လမ်းနှင့် အမှတ် (၉၆) အင်းစိန်လမ်း၊ မြေကွက် ၂ ကွက်ကို အပြီးအပိုင် လေလံတင်ရောင်းချသင့်တယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ အဲဒီလို မှတ်ချက်ပြုပြီးတော့ နိုင်ငံတော်ပိုင်သိမ်းဆည်းထားတဲ့ ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက် အဦများနှင့် မြေကွက်များ စီမံခန့်ခွဲရေးကော်မတီကို လုပ်ငန်းကော်မတီက ပေးပို့ခဲ့ပါတယ်။

ဒီစီမံခန့်ခွဲရေးကော်မတီကပဲ ဒီမြေကွက်များကို ရောင်းချဖို့အတွက် ကြမ်းခင်းဈေးတန်ဖိုး တွက်ချက်ပြီးတော့ ၂၄-၂-၂၀၁၁ နေ့မှာ သတင်းစာမှာတင်ဒါခေါ်ယူခဲ့ပါတယ်။ တင်ဒါခေါ်ယူခဲ့စဉ်က ယခုတင်ပြတဲ့ ပုဂ္ဂိုလ်များဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုတာကိုလည်း သတိပြုမိပါတယ်။ ဒါကြောင့် ကော်မတီရဲ့ (၁/၂၀၁၁) အစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဒါအောင်မြင်သူများကို ဝယ်ယူခွင့်ပြု ကြောင်း အကြောင်းကြားခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ မြေကွက် ၂ ကွက်ကို ပြန်လည် လွှဲပြောင်းပေးဖို့ ဦးလှဝင်းက နိုင်ငံတော်သမ္မတရုံးကိုတင်ပြလာတဲ့အတွက် ဒီကော်မတီကနေပြီးတော့ နိုင်ငံတော်သမ္မတရုံးကို ဆက်လက်တင်ပြ အမိန့်နာခံခဲ့ရာမှာ နိုင်ငံတော် သမ္မတရုံးကနေ ၁၆-၂-၂၀၁၂ ရက်စွဲပါစာဖြင့် ကော်မတီရဲ့ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင် ရွက်ရန်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဒါကြောင့် ဝယ်ခွင့်ရသူများကို ငွေဆက်လက်ပေးသွင်းခွင့်ပြုကြောင်း စိစစ်တွေ့ရှိရပါတယ်။ အမှတ် (၉၆) အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်ကို လေလံအောင်မြင်သူက ငွေအကြေပေးသွင်းခဲ့ပြီးဖြစ်တဲ့ အတွက် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ သူ့အမည်ပေါက် ဂရန်ကိုလည်းပဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနက ၂၄-၉-၂၀၁၂ မှာ ထုတ်ပေး ပြီးဖြစ်ပါတယ်။ အမှတ် (၁၂၈) အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်ကိုလည်းပဲ လေလံအောင်သူမှ သတ်မှတ်ငွေကြေးပမာဏ ပေးသွင်းထားပြီးဖြစ်တဲ့အတွက် သူ့အမည်ပေါက်ဂရန်ကိုလည်းပဲ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီကနေပြီးတော့ ၉-၈-၂၀၁၃ ရက်နေ့မှာ ထုတ်ပေးထားပြီးဖြစ် ကြောင်းတွေ့ရှိရပါတယ်။

ဒါကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးအနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်း အမှတ်(၉၆) မြေအကျယ် ဝ.၈၆၂ ဧကနှင့် မြေကွက်အမှတ် (၁၂၈) မြေအကျယ် ၁.၉၄၆ ဧက မြေကွက် ၂ ကွက်ကို နိုင်ငံတော်ကဖွဲ့စည်းပေးထားတဲ့ နိုင်ငံတော်ပိုင် အဆောက်အဦများ၊ အစိုးရရုံးဌာနအဆောက်အဦများ၊ ဌာနဆိုင်ရာလူနေအိမ်များ လွှဲပြောင်းအပ်နှံရေး နှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီသို့ တရားဝင်လွှဲပြောင်း အပ်နှံပေးခဲ့တဲ့အချိန်ကစပြီးတော့ နောက်ပိုင်းမှာ ဌာနအနေနဲ့ စီမံခန့်ခွဲမှုမရှိတော့ဘဲနဲ့ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုလည်း မရှိတော့ပါဘူး။ တင်ဒါအောင်မြင်ပြီးတော့ ဝယ်ယူခွင့်ရတဲ့ပုဂ္ဂိုလ်တွေ ကလည်းပဲ အမည်ပေါက်ဂရန်တွေရရှိထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ (သြဘာသံများ)

**ယာဉ်အိုယာဉ်ဟောင်း သက်တမ်းလွန်ယာဉ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယာဉ်အိုယာဉ်ဟောင်းများနှင့် ပတ်သက်ပြီးတော့မေးမြန်းမယ့် မေးခွန်းဖြစ်ပါတယ်။ နိုင်ငံတော်ဟာ ယာဉ်အိုယာဉ်ဟောင်းများကို အရည်အသွေးမီယာဉ်များနှင့် အစားထိုးပေးခြင်းအားဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍအသီးသီး အဆင်ပြေအောင်ဆောင်ရွက်လျက် ရှိတာကိုတွေ့ရသော်လည်းပဲ မြို့ပေါ်နဲ့နယ်အချို့မှာဆိုရင် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကပိုင်နှစ်လွန်ယာဉ်အိုယာဉ်ဟောင်းများ အစားထိုးလဲလှယ်ရန်ကျန်နေသေးကြောင်း တွေ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ အစိုးရဝန်ကြီးဌာနအချို့ဟာ နေပြည်တော်မှာဆိုရင် ဝန်ထမ်းအကြိုအပို့ယာဉ်များအပါအဝင် ယာဉ်တော်တော်များများဟာ ယာဉ်အိုယာဉ်ဟောင်းနှစ်လွန်ယာဉ်များကို အသုံးပြုဆဲဖြစ်နေတာကို တွေ့မြင်ရပါတယ်။ အမြင်မကောင်းသလိုပဲ ယာဉ်အန္တရာယ်ရှိပြီးတော့ ကျွန်တော်တို့ SEA Game ကျင်းပရန်ရှိနေခြင်း၊ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ယူရမယ့် အချိန်အခါနဲ့ကြုံကြိုက်နေတဲ့အတွက် ယာဉ်အိုယာဉ်ဟောင်း၊ သက်တမ်းလွန်ယာဉ်များနှင့် ပတ်သက်ပြီးတော့မေးလိုတာက နံပါတ်(၁) နယ်မြို့များရှိ ဌာနဆိုင်ရာနှင့်ပုဂ္ဂလိကယာဉ်များကို မည်သို့ဆောင်ရွက်မည်။ နံပါတ်(၂) နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ ကြိုပို့ယာဉ်များအပါအဝင် ယာဉ်အိုယာဉ်ဟောင်းများကို မည်သို့ဆောင်ရွက်မည်နှင့် မည်သည့်အချိန်တွင် နောက်ဆုံးထားဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီမေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီး

ဌာနမှ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းရှင်တင်ပြသွားတဲ့အတိုင်းပဲ မှတ်ပုံတင်သက်တမ်း နှစ် ၂၀ ကျော်တဲ့ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်တွေကို ပိုင်ရှင်ရဲ့ဆန္ဒအရ မှတ်ပုံတင်ဖျက်သိမ်းချင်ရင် မှတ်ပုံတင်ဖျက်သိမ်းပြီးတော့ အပ်နှံစေပြီး ပြည်ပက အစားထိုးယာဉ်တင်သွင်းခွင့်ဆောင်ရွက်ပေးတာ အချိန်ကာလအားဖြင့် ၂ နှစ်ခန့်ရှိပြီဖြစ်ပါတယ်။ ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်းပြီးအစားထိုးတင်သွင်းခွင့်စီမံချက်ကို ပြည်နယ်/တိုင်းဒေသကြီး ရုံးများနှင့် နေပြည်တော်ရုံးအပါအဝင် စုစုပေါင်း ရုံး ၁၈ ရုံးမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်း လိုင်စင်ရယူထားသော ယာဉ်အိုယာဉ်ဟောင်းတွေကို အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) မှာလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်း လိုင်စင်ရယူထားတဲ့ ယာဉ်အိုယာဉ်ဟောင်းတွေကို သီလဝါသတ္တုဖျက်စက်ရုံ (သန်လျင်) မှာလည်းကောင်း ယာဉ်ပိုင်ရှင်များက အပ်နှံရပါတယ်။ ယာဉ်အိုယာဉ်ဟောင်းတွေဖျက်သိမ်းပြီးတော့ အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၁၁-၉-၂၀၁၁ ရက်ကစပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပြီး မှတ်ပုံတင်သက်တမ်းနှစ် ၂၀ ကျော်တဲ့ယာဉ်တွေ (စ) အက္ခရာကနေ အခုနောက်ဆုံး (သ) အက္ခရာအထိ စဉ်ဆက်မပြတ် အပ်နှံဆောင်ရွက်စေခဲ့ပါတယ်။ အလားတူပဲ တပ်မတော်နှင့်ဌာနဆိုင်ရာများကလေလံပစ်ပြီးတော့ ပြန်လည်မှတ်ပုံတင်ခွင့်ပြုထားသည့်ယာဉ်များအနက် ဖျက်သိမ်းချင်တဲ့ယာဉ်များကိုအပ်နှံဆောင်ရွက်စေခြင်း၊ လက်ရှိအသုံးပြုနေတဲ့ အငှားယာဉ် Taxi တွေဟောင်းနွမ်းနေလို့ရှိရင်လည်း Taxi အဖြစ်သာတင်သွင်းအသုံးပြုရန် ကန့်သတ်ချက်နှင့် ဘယ်အက္ခရာယာဉ်မဆို အပ်နှံဆောင်ရွက်စေခြင်းများ ပြုလုပ်ပေးလျက်ရှိပါတယ်။

၁-၁၀-၂၀၁၃ရက်နေ့အထိ အပ်နှံပြီးတဲ့ယာဉ်ပေါင်း ၁၁၁၀၆၂ စီး ရှိပါတယ်။ တိုင်းနှင့်ပြည်နယ်အလိုက် နေပြည်တော်မှာ ၁၀၉၆ စီး၊ ကချင်ပြည်နယ် ၁၃၁၉ စီး၊ ကယားပြည်နယ် ၁၉၇ စီး၊ ကရင်ပြည်နယ် ၈၅၈ စီး၊ ချင်းပြည်နယ် ၇၁ စီး၊ စစ်ကိုင်းတိုင်းဒေသကြီး ၂၇၀၅ စီး၊ တနင်္သာရီတိုင်းဒေသကြီး ၁၀၂၃ စီး၊ ပဲခူးတိုင်းဒေသကြီး ၃၆၆၄ စီး၊ မကွေးတိုင်းဒေသကြီး ၂၅၂၆ စီး၊ မန္တလေးတိုင်းဒေသကြီး ၂၅၀၁၉ စီး၊ မွန်ပြည်နယ် ၄၂၈၈စီး၊ ရခိုင်ပြည်နယ် ၅၂၂ စီး၊ ရန်ကုန်တိုင်း ၅၈၆၈၇ စီး၊ ရှမ်းပြည်နယ် ၇၈၈၂ စီးနှင့် ဧရာဝတီတိုင်းဒေသကြီး ၁၂၀၅ စီး စုစုပေါင်းယာဉ်အမျိုးအစားအလိုက်ခွဲရင်တော့ လူစီးယာဉ် ၁၀၁၉၅၅ စီး၊ကုန်တင်ယာဉ် ၆၇၇၅ စီး နှင့်ခရီးသည်တင်ယာဉ် ၂၃၃၂ စီး အပ်နှံ ဖျက်သိမ်းပြီးဖြစ်ပါတယ်။ ဒီအတွက် အစားထိုးပြန်လည်တင်သွင်းပြီးတော့ ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးထားခဲ့တဲ့ယာဉ်တွေကတော့ လူစီးယာဉ်စုစုပေါင်း ၉၅၇၃၁ စီး၊ ကုန်တင်ယာဉ် ၄၆၅၉ စီး၊ ခရီးသည်တင်ယာဉ် ၁၈၂၀ စီး စုစုပေါင်း ၁၀၂၂၁၀ စီး ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။

ပုဂ္ဂလိကပိုင် ယာဉ်အိုယာဉ်ဟောင်းတွေကိုသာ အစားထိုးအပ်နှံဆောင်ရွက်စေခြင်း ဖြစ်တဲ့အတွက်ဌာနပိုင်ယာဉ်တွေကိုအပ်နှံဆောင်ရွက်စေခြင်းမရှိသေးပါဘူးခင်ဗျာ။ ဌာနပိုင်ဝန်ထမ်း ကြိုပို့ယာဉ်တွေအပါအဝင် ယာဉ်များပြင်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ အသစ်ဝယ်ယူခြင်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ဘဏ္ဍာငွေအသုံးစရိတ်နဲ့ ဆောင်ရွက်လို့ရပါတယ်။ ဌာနပိုင်ယာဉ်တွေ ဟောင်းနွမ်းပြီးတော့ အသုံးပြုလို့မရဘူးဆိုရင် လုပ်ထုံးလုပ်နည်းအတိုင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနကတစ်ဆင့် နိုင်ငံတော်သမ္မတရုံးထိ အဆင့်ဆင့်တင်ပြပြီးတော့ ဌာနပိုင်ယာဉ်စာရင်းမှလျှော့ချပြီး သံရည်ကျိုစက်သို့ပို့ ဖျက်ဆီးအပ်နှံရေးဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကို ဌာနတွေကဆောင်ရွက်လျက်ရှိပါတယ်။ မှတ်ပုံတင်သက်တမ်းနှစ် ၂၀ ကျော်ယာဉ်တွေဖျက်သိမ်းခြင်းကို နောက်ဆုံးရက်ကာလသတ်မှတ်ထားခြင်းမရှိပါဘူးခင်ဗျား။ လက်ရှိဆောင်ရွက်နေတဲ့ စီမံချက်ကို နောင်မှာ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ စနစ်များနှင့်အညီ ယာဉ်ထုတ်လုပ်ခဲ့တဲ့ သက်တမ်းကို အခြေခံပြီးတော့နှစ်ကာလသတ်မှတ်ပြီး Recycling System တစ်ခုသတ်မှတ်ပြီးတော့မှ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာမြင့်မားစေဖို့နဲ့ ယာဉ်တွေ Road Safety ဖြစ်ဖို့ သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ မြန်မာနိုင်ငံမှာ ပြင်ပကဘယ်လောက်အသုံးပြုပြီး ကားပဲဖြစ်ဖြစ် ဒီမှာ မှတ်ပုံတင်တဲ့သက်တမ်းနဲ့ပဲ ဆုံးဖြတ်တာဖြစ်တဲ့အတွက် သက်တမ်းရဲ့ ယာဉ်ရဲ့တကယ့်လက်ရှိ သူ့အရှိအတိုင်းသက်တမ်းကြာခြင်း၊ မကြာသေးခြင်းကို ဆုံးဖြတ်လို့မရပါဘူး။ ဒါဆိုရင်တော့ နောင်ကျရင်တော့ကျွန်တော်တို့ကစပြီးတော့ ထုတ်လုပ်တဲ့ခုနှစ်နဲ့ပဲ ဒီလိုသတ်မှတ်သွားဖို့၊ ဆောင်ရွက်သွားဖို့ရှိပါတယ်။ နိုင်ငံတကာမှာလည်းပဲ ထုတ်လုပ်တဲ့ယာဉ်သက်တမ်းကို အခြေခံပြီးတော့မှ Passengers နှင့် Commercial Vehicles ဆိုပြီးတော့ ခွဲခြားပြီး နှစ်ကာလသတ်မှတ်တွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သတ်မှတ်သက်တမ်းရောက်ရှိချိန်မှာ မှတ်ပုံတင်ဖျက်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိတဲ့အတွက် ဘယ်အချိန်နောက်ဆုံးထားပြီးဆောင်ရွက်ရမယ်လို့ သတ်မှတ်ထားခြင်းမရှိကြောင်းလည်းလေ့လာသိရှိရပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများမှာ လက်ရှိ မော်တော်ယာဉ် ၄၀၆၆၉ စီးရှိပါတယ်။ အဲ့ဒီအနက် ၂၅၃၃၃ စီးဟာ မှတ်ပုံတင်သက်တမ်း နှစ် ၂၀ အထက် ယာဉ်အိုယာဉ်ဟောင်းတွေဖြစ်ပါတယ်။ အဲ့ဒီယာဉ်တွေကို တစ်ပြိုင်နက်ဖျက်သိမ်းပြီး အစားထိုးလဲလှယ်မယ်ဆိုရင် နိုင်ငံတော်ဘတ်ဂျက်က သန်းပေါင်းများစွာ ကုန်ကျမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘယ်အချိန်၊ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ဥစ္စာကတော့ နိုင်ငံတော်ရဲ့ငွေကြေးအင်အားနဲ့ လုပ်ငန်းဦးစားပေးအခြေအနေပေါ်မှာပဲမူတည်မှာဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

2-10-2013(Record)

လက်ရှိအခြေအနေတွေမှာ အစိုးရရုံးဌာနတွေမှာရှိတဲ့ မော်တော်ယာဉ်တွေအနက် ပြုပြင်သုံးစွဲလို့ရတဲ့ ယာဉ်တွေကို ပြင်ဆင်သုံးစွဲလျက်ရှိပြီးတော့ ပြင်ဆင်သုံးစွဲရန်မသင့်တဲ့ ယာဉ်အိုယာဉ်ဟောင်းတွေကို နိုင်ငံပိုင်ယာဉ်စာရင်းက ပယ်ဖျက်ပြီးတော့ သံရည်ကျိုဖျက်ဆီးခြင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ မော်တော်ယာဉ်စုစုပေါင်း ၈၅၄ စီးကို အပ်နှံစေပြီးတော့ သံရည်ကျိုဖျက်ဆီးစာရင်းကပယ်ဖျက်ပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းတွေအနေနဲ့ ယာဉ်အိုယာဉ်ဟောင်းတွေနေရာမှာ အစားထိုးအသုံးပြုဖို့နဲ့ ဖွံ့စည်းပုံအရထပ်မံတိုးချဲ့လိုအပ်တဲ့နေရာတွေမှာ အသုံးပြုဖို့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကားသေး ၉၁၈ စီး၊ မှန်လုံကားလတ် ၂၇၀ စီး၊ မှန်လုံကားကြီး ၁၇၅ စီး စုစုပေါင်း ၁၃၆၃ စီးဝယ်ယူဖို့ ဘတ်ဂျက်လျာထားတင်ပြထားတာ တွေ့ရှိရပါတယ်။ အဲ့ဒီအတွက် နိုင်ငံတော်သမ္မတရုံးကလည်း ပြည်ထောင်စုဝန်ကြီးဌာနတွေကို ထုတ်ပေးရမယ့်မော်တော်ယာဉ်တွေနဲ့စပ်လျဉ်းလို့ထပ်မံထုတ်ပေးနိုင်တဲ့ ယာဉ်တွေကိုထုတ်ပေးမယ်။ မပေးနိုင်တဲ့ဥစ္စာကို လိုအပ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ လတ်တလောလိုအပ်တယ်ဆိုလို့ရှိရင် အဲ့ဒီအဖွဲ့အစည်းတွေက မိမိအစီအစဉ်နဲ့ဘတ်ဂျက်တင်ပြပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူဖြည့်ဆည်းသွားဖို့ ခွင့်ပြုထားပါတယ်။ ဒါ့ကြောင့် အစိုးရရုံးဌာနတွေမှာရှိတဲ့ ယာဉ်အိုယာဉ်ဟောင်းတွေနေရာမှာ ယာဉ်သစ်တွေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် အစားထိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုပေါ်မူတည်ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းတွေက မော်တော်ယာဉ်ဝယ်ယူ၍ နှစ်စဉ်ရန်ပုံငွေလျာထားတင်ပြပြီးတော့ ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းနှင့် အစားထိုးခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဘူးကိုင်း-ကျောက်ရစ်ကျေးလက်ဖွံ့ဖြိုးရေးကုန်ထုတ်လမ်းအား မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ပေးသွားမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မြောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေတဲ့လမ်းပန်းဆက်သွယ်ရေးကျေးလက်လမ်းနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ကတိကဝတ်ရရှိ

ပြီးသားလုပ်ငန်းကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီလိုမေးမြန်းရတဲ့ကိစ္စမှာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်တွေကို မေးခွန်းတွေမေးတာ၊ တင်ပြတာ လုပ်တဲ့အခါမှာရရှိလာတဲ့ကတိကဝတ်ကို ကတိကဝတ်ရပြီးရင် ကျွန်တော်တို့က ဒေသခံမဲဆန္ဒရှင် တွေကို လွှတ်တော်နားတဲ့အချိန်မှာ ပြန်လည်ရှင်းလင်းပြောပြပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့တွေရ ထားတဲ့ကတိလေးများ ဝန်ကြီးဌာနပြောင်းလဲလို့ ပျက်ပြယ်သွားမှာစိုးတဲ့အတွက် ကျွန်တော်မေးမြန်း ခြင်းဖြစ်ပါတယ်။ တချို့ကတော့ ဆန္ဒစောတယ်။ RE မှာ ထည့်ပေးမယ်လို့ပြောတာ မပါဘူးဆိုမှ ကတိကဝတ်ကော်မတီကနေတစ်ဆင့် ပြောပါလားလို့ရှိပါတယ်။ မပါတော့မှ ကတိကဝတ်ကော်မတီက ပြန်ပြောရင် ကျွန်တော်တို့ နောက်ကျသွားမှာစိုးတဲ့အတွက် ဒါလေးကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ နားလည်ပေးဖို့တောင်းပန်ပါတယ်။ ကျွန်တော်တို့ မြောင်မြို့နယ်အတွက် ဘူးကိုင်း-ကျောက်ရစ်ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ စပြီးတော့ ရေကျော်တစ်ခု၊ နောက် ၂၀၁၄-၂၀၁၅ မှာ ဆက်လက်ပြီးတော့ ကျောက်ခင်းလမ်း ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်တို့ ကတိကဝတ်ရထားတာရှိပါတယ်။ ဒါပေမယ့် အဲဒီကတိကဝတ် သည် နယ်စပ်ရေးရာဝန်ကြီးဌာနကပေးထားတဲ့ကတိကဝတ်ဖြစ်ပြီးတော့ ဒီကျေးလက်ဒေသဖွံ့ရေး လုပ်ငန်းကို မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာနအောက်ကို ရောက်သွားတဲ့အခါ ကျွန်တော်တို့ကို ပေးထားတဲ့ကတိကဝတ်မေ့ပြီးကျန်ရစ်ခဲ့မှာစိုးတဲ့အတွက် မေးမြန်းခြင်းဖြစ်တယ်ဆိုတာကို ထပ်ဆင့်တင် ပြလိုပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ယခုအခါမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ဝန်ကြီးဌာနအသစ်ပြောင်းလဲတာဝန်ယူလိုက်ပြီးဖြစ်သဖြင့် မြောင်မြို့နယ်အတွင်းမှာရှိတဲ့ ဘူးကိုင်း- ကျောက်ရစ် ကျေးလက်ဖွံ့ဖြိုးရေးကုန်ထုတ်လမ်းကို ဘယ်လိုဆက်လက်ဆောင်ရွက်ပေးမယ်ဆိုတာ ရှင်းလင်းပြန်ကြားပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည် ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီး ဘူးကိုင်း-ကျောက်ရစ်ကျေးရွာချင်း ဆက် မြေသားလမ်းအရှည်ဟာ စုစုပေါင်း ၁ မိုင်နဲ့ ၄ ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းဟာ နဘက်ချောင်း ကို ဖြတ်ကူးသွားရတဲ့အတွက်ကြောင့် ချောင်းကူးရေကျော်တံတား ၁၁၀ ပေ x ၁၀ ပေကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်နဲ့ ပြည်သူထည့်ဝင်ငွေ ၇.၆၅ သန်းနဲ့ တည်ဆောက်ခဲ့ပြီးတော့ ဒေသခံ ပြည်သူများသွားလာမှု ပိုမိုအဆင်ပြေစေရန်အတွက်ကို အဆိုပါ ရေကျော်တံတားအား ၁၇ ပေအကျယ်အထိကို တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ၁၁၀ ပေ x ၇ ပေအား ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးအဖွဲ့ကနေပြီးတော့ ထည့်ဝင်ငွေကျပ် ၂ သန်းနဲ့ ပြည်သူ ထည့်ဝင်ငွေ ၃.၁၉ သန်း စုစုပေါင်းကုန်ကျငွေ ၅.၁၉ သန်းတိတိဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါလမ်းကို ရေတက်ချိန်မှအပ ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် အသုံးပြုနိုင်ဖို့ အတွက်ကို ကျောက်ချောလမ်းခင်းခြင်းနဲ့ နဘက်ချောင်းလက်တက်တစ်နေရာမှာ ၅၀ ပေ x ၁၅ ပေ ရေကျော်တံတားတစ်စင်းထပ်မံ တည်ဆောက်ပေးရန်လိုအပ်ပါတယ်။ ဘူးကိုင်း-ကျောက်ရစ်ကျေးရွာ ချင်းဆက်မြေသားလမ်း ၁ မိုင် ၄ ဖာလုံ ၁၂ ပေအကျယ်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကုန်ကျငွေကျပ် ၅၃.၁ သန်းနဲ့ ၅၀ ပေ x ၁၅ ပေ ရေကျော်တံတားတံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျငွေဟာ ၃.၃ သန်း၊ လုပ်ငန်းနှစ်ရပ်ပေါင်း ကုန်ကျ ငွေအနေနဲ့ ၅၆.၄ သန်း ကုန်ကျမှာဖြစ်ပြီးတော့ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနဲ့ လုံလောက်မှုမရှိတဲ့ အတွက်ကြောင့် နိုင်ငံတော်မှထောက်ပံ့ငွေရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တမူးမြို့နယ်အတွင်းရှိ လမ်းများအား အကြီးစားကိုတင်ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ရန်ပုံငွေများ ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်းပန်းဆက်သွယ်

ရေးနှင့်ပတ်သက်ပြီး မေးခွန်းတစ်ခုမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နှင့် ကလေးမြို့ကလေးဝများကို ဆက်သွယ်ထားတဲ့လမ်းမကြီးဟာ အိန္ဒိယ-မြန်မာချစ်ကြည်ရေး အရဖောက်လုပ်ခဲ့တဲ့ ကတ္တရာလမ်းမကြီးဖြစ်ပါတယ်။ ဒါကြောင့် ဖောက်လုပ်ပြီးတဲ့အခါမှာ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှုများမြန်ဆန်မှုကြောင့် ပြည်သူများအတွက်များစွာ အကျိုးကျေးဇူးရှိစေတာလည်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ယခုအခါအဆိုပါကတ္တရာလမ်းများဟာ အချို့နေရာများမှာ ပေါက်ပြဲစပြုနေပြီး ပြန်လည်ဖာထေးမှုမပြုလုပ်ပါက ကြာရှည်မခံဘဲပျက်ဆီးသွား နိုင်တဲ့ အခြေအနေရှိနေပါတယ်။ ဒါ့အပြင် ယခုအခါအိန္ဒိယ နိုင်ငံမှ နိုင်ငံခြားသားများလာရောက်လျက် ၎င်းလမ်းကို အသုံးပြုသွားလာနေကြတာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းရဲ့ဘေးတစ်ဖက် တစ်ချက်မှာ မိုင်တိုင်များစိုက်ထူပေးဖို့ လမ်းအချက်ပြစာတမ်းများရေးသားပေးဖို့နဲ့ တံတားများအား ရေကြီးချိန်တွင် ကမ်းဘေးနံရံအား ရေတိုက်စားမှုကာကွယ်ပေးရန်နှင့် ကျောက်စီနံရံပြုလုပ်ပေးရန် ပေါက်ပြဲနေသောကတ္တရာလမ်းများအား ပြန်လည်ဖာထေးခြင်းတို့ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ အကြီးစားပျက်စီးမှုမရောက်ရှိသေးမီ ကြိုတင်ပြင်ဆင်ထိန်းသိမ်းခြင်းအားဖြင့် ပြင်ဆင်မှုလုပ်ငန်းများ ဟာအဆင်ပြေစွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်-

(၁) လမ်း၏ဘေးတစ်ဖက်တစ်ချက်တွင် မိုင်တိုင်များစိုက်ထူရန်၊ လမ်းအချက်ပြစာတမ်းများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပေးရန်၊ တံတားများ၏ ကမ်းဘေးနံရံများအား ရေကြီးချိန်တွင် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ကျောက်စည်နံရံများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။

(၂) ပေါက်ပြဲနေတဲ့ ကတ္တရာပေါက်များနေရာတွင် ပြန်လည်ဖာထေးခြင်းဆောင်ရွက်ပေးရန်တို့ အတွက် အကြီးစားကြိုတင်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ရန်ပုံငွေများထည့်သွင်းဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လမ်းဘေးတစ်ဖက်တစ်ချက်မှာ လမ်းအချက်ပြစာတမ်းများကို အင်္ဂလိပ်၊ မြန်မာနှစ်မျိုးဖြင့် ရေးသားစိုက်ထူပေးသွားမှာဖြစ်ပြီးတော့ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်ကို အထူးပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေရရှိရေး ၃-၆-၂၀၁၃ ရက်စွဲပါစာအမှတ် (၆၂၇/လခမတမူး/၂၀၁၃-၂၀၁၄) ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်ကို တင်ပြထားပြီးဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက လုပ်ငန်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်-

(က) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၄၈ မိုင်နဲ့ ၇၃ မိုင်ကြား ၂ မိုင်ကို လမ်းအနိမ့်အမြင့် ဖြေညှိပြီးတော့ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၈၉.၉၀ သန်း၊

(ခ) ကလေး-ကျီကုန်း-တမူးလမ်း ၄၈ မိုင်နဲ့ ၇၃ မိုင်ကြား တံတားအဝင်အထွက် လမ်းများကို လမ်းအနိမ့်အမြင့်ဖြေညှိပြီးတော့ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁၀ သန်း၊

(ဂ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၇၃ နဲ့ ၉၃ ကြား ပျက်စီးနေတဲ့ ကတ္တရာလမ်း မျက်နှာပြင်တွေကို ပြုပြင်ခြင်း ၅၉.၈၂ သန်း၊

(ဃ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၄၈ မိုင်နဲ့ ၇၃ မိုင်ကြား ၃ မိုင်ကို ၄ ပေအကျယ် အမာခံလမ်းပုခုံးဆောင်ရွက်ခြင်း ၅၃.၁၄ သန်း၊

(င) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၄၈ နဲ့ ၇၃ ကြား လမ်းကွေ့များကို မြင်ကွင်း ရှင်းလင်းရန် မြေသားတူးဖြတ်ခြင်းလုပ်ငန်း ၃၉.၂၄ သန်း၊

(စ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၅၇/၂-၅၇/၅ ကြား ၈၀၀ ပေအရှည် ကျောက်စီ ရေမြောင်းပြုလုပ်ခြင်း ၅၅.၃၅ သန်း၊

(ဆ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၆၄ နဲ့ ၆၄/၁ ကြား ၁၀၀ ပေအရှည် ကျောက်စီ မြေကာနံရံပြုလုပ်ခြင်း ၂၀.၃၉၉ သန်း၊

(ဇ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၇၉ နဲ့ ၇၉/၁ ကြား တံတားအမှတ် ၁/၈၀ (ကလေးဘက်ခြမ်း) ချဉ်းကပ်လမ်း ရေတိုက်စာခြင်းမှ ကာကွယ်ရန် ၁၂၀ ပေအရှည် ကျောက်စီရေကာနံရံပြုလုပ်ခြင်း ၁၄.၄၇ သန်း၊

(ဈ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၄၈ နဲ့ ၉၃ ကြား ကွန်ကရစ် မိုင်/ဖာလုံတိုင်များ ပြန်လည်စိုက်ထူးခြင်း ၅.၇၂၀ သန်း၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက်ကို ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နဲ့ ထည့်သွင်းပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်ကို ထပ်မံပြီး တော့တင်ပြထားပါတယ်-

(က) ကလေး-ကျီကုန်း-တမူးလမ်း ၄၈ မိုင်နဲ့ ၉၃ မိုင်တိုင်ကြား ၈ မိုင်ကို အမာခံလမ်းပုခုံး ဆောင်ရွက်ခြင်း ၃၆၆.၀၀ သန်း၊

(ခ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၅၄ နဲ့ ၅၄/၁ ကြား ၁၀၀ ပေအရှည် ကျောက်စီမြေကာနံရံပြုလုပ်ခြင်း ၈.၀၀ သန်း၊

(ဂ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၅၇/၂ နဲ့ ၅၇/၅ ကြား ၈၀၀ ပေအရှည် ကျောက်စီရေမြောင်းပြုလုပ်ခြင်း ၄၀.၀၀ သန်း၊

(ဃ) ကလေး-ကျီကုန်း-တမူးလမ်း မိုင်တိုင် ၇၉ နဲ့ ၇၉/၁ ကြား တံတားအမှတ် (၁/၈၀) (ကလေးဘက်ခြမ်း) ချဉ်းကပ်လမ်း ရေတိုက်စားခြင်းမှ ကာကွယ်ရန် ၁၂၀ ပေအရှည် ကျောက်စီ ရေကာနံရံပြုလုပ်ခြင်း ၁၀ သန်း၊

(င) ကလေး၀-ကျီကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ (၇/၁၄)ကို ၁၅၀ ပေအရှည် သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း ၃၇၉.၅၀ သန်း၊

(စ) ကလေး၀-ကျီကုန်း-တမူးလမ်းပေါ်မှာ တံတားအမှတ် (၁/၅၉) (ခမ်းပါတ်ရွာလယ် တံတား)အား ၂၈၀ ပေအရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၇၄၂.၀၀ သန်း၊

(ဆ) ကလေး၀-ကျီကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၁/၆၀) (ခမ်းပါတ်အမှတ်-၁ တံတား)ကို ၂၉၀ ပေအရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၇၆၈.၅၀ သန်း၊

(ဇ) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာ တံတားအမှတ် (၂/၆၀) (ကနန်တံတား)ကို ၁၈၀ ပေ အရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၄၇၇.၀၀ သန်း၊

(ဈ) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၄/၆၂) (ကမ္ဘကြီးတံတား) ကို ၃၁၀ ပေအရှည် သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း ၈၂၁.၅ သန်း၊

(ည) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၃/၆၆) (နန်းစပါးတံတား)ကို ၂၀၀ ပေအရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၅၃၀.၀ သန်း၊

(ဋ) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၄/၇၂) (တို့ဗန်တံတား)ကို ၂၁၀ ပေအရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၅၅၆.၅ သန်း၊

(ဌ) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၁/၇၄) (တီးတိန်ယံတံတား) ကို ၂၀၀ ပေအရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၅၃၀.၀ သန်း၊

(ဍ) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၃/၇၆) (ဝိတုတ်တံတား)ကို ၁၉၀ ပေအရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၅၀၃.၅၀ သန်း၊

(ဎ) ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၃/၈၀) (နန်းမွန်တာတံတား) ကို ၂၄၀ ပေအရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၆၃၆.၀၀ သန်း၊

အထက်ပါလုပ်ငန်းများကို ရန်ပုံငွေတောင်းခံထားပြီးဖြစ်တဲ့အတွက်ကြောင့် နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**တိန့်နမ်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေစာရင်းများတွင် ထည့်သွင်းရေးဆွဲပေးရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသ၊ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့ တိန့်နမ်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေစာရင်းများတွင် ထည့်သွင်းရေးဆွဲပေးရန်နှင့် စပ်လျဉ်းပြီးမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်အတွင်းရှိ နန်းကပ်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော တိန့်နမ်းတံတား အရှည် ၁၄၀ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေဟာ သံကူကွန်ကရစ်တံတားအဖြစ် နိုင်ငံတော်စီမံကိန်းများတွင်ထည့်သွင်း၍ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအားမေးမြန်းခဲ့ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တိန့်နမ်းတံတားအား သံကူကွန်ကရစ်တံတားတည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ သန်း ၃၀၀ ခန့် သုံးစွဲရမည်ဖြစ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါသဖြင့် နိုင်ငံတော်ထောက်ပံ့ငွေ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို အသံကြားရုံဖြင့် မဲဆန္ဒရှင်များက ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိကြပါတယ်။ တိန့်နမ်းတံတားကို သစ်သားတိုင်များဖြင့် တည်ဆောက်ထားရာ သဘာဝပတ်ဝန်းကျင်အနေအထားအရ ကြာရှည်ခိုင်ခံ့ရန်မဖြစ်နိုင်ပါ။ ထို့ပြင် တံတားခိုင်ခံ့စေရန်အတွက် စိုက်ထူထားသောသစ်သားတံတားတိုင်များမှာ တစ်တိုင်နဲ့တစ်တိုင်၊ အထူးသဖြင့် မော်တော်လှေများဖြတ်သန်းသွားလာနေတဲ့နေရာရှိတိုင်များရဲ့ အကွာအဝေးမှာ ကျဉ်းမြောင်းလွန်းနေပါတယ်။ မိုးရာသီ ရေစီးသန်နေတဲ့အချိန်ကာလများမှာ တံတားတိုင်များအကြား ဖြတ်သန်းသွားလာနေသော မော်တော်လှေများအဖို့ အန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ မကြာခဏဖြစ်ပေါ်နေတဲ့ ရေလမ်းခရီးအန္တရာယ်များကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်ပါ သံကူကွန်ကရစ်တံတား လာရောက်အကောင်အထည်ဖော်ဆောက်လုပ်ပေးမယ့် အချိန်ကာလကို မဲဆန္ဒရှင်များက အားကိုးတကြီးနဲ့စောင့်မျှော်လျက်ရှိကြပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ သံကူကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေလျာထားချက် စာရင်းတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်းကောင်း ထည့်သွင်း

တောင်းခံပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် မဲဆန္ဒရှင်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန-၄)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရကိုယ်စား ကျွန်တော်ကပဲ ပြန်လည် ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ပတ်သက်ပြီးတော့ တိန့်နမ်းတံတား (၁၄၀ ပေ x ၁၄ ပေ x ၁၅ ပေ) ဟာ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၀-၂၀၀၁ ခုနှစ်ဘဏ္ဍာရေး နှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၅၆.၅ သိန်းနဲ့ သစ်သားတံတားအဖြစ် တည်ဆောက်ခဲ့တဲ့ တံတားတစ်စင်း ဖြစ်ပြီးတော့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၃၇.၉ သိန်းဖြင့်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၃၄.၅ သိန်းဖြင့်လည်းကောင်း ပြင်ဆင်ထိန်းသိမ်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ တိန့်နမ်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၃၀၀ ခန့် ကုန်ကျမှာဖြစ်ပြီးတော့ ရန်ပုံငွေ ရရှိရေးအတွက်ကို ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရဲ့ဖြည့်စွက်ရန်ပုံငွေစာရင်းမှာ လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေမရရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ရန်ပုံငွေစာရင်းမှာ ထည့်သွင်းလျာထားနိုင်ရေးအတွက်ကို တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီကိုယ်စား လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော် အဆုံးအဖြတ်ရယူရန် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်-

၁။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်နိုင်ရေး အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၇-၈-၂၀၁၂ ရက်စွဲပါစာဖြင့် ဥပဒေကြမ်းကို ပေးပို့ ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ပြင်ဆင်ရတဲ့ရည်ရွယ်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စု လွှတ်တော်သို့တိုက်ရိုက်ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀-၁၀-၂၀၁၂ ရက်နေ့နှင့် ၂၂-၁၀-၂၀၁၂ ရက်နေ့များတွင် ဥပဒေကြမ်းကော်မတီမှ ကော်မတီတွင်းစိစစ်မှုများဆောင်ရွက်ခဲ့ပါတယ်။ ၂၄-၁၀-၂၀၁၂ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ၁-၁၁-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်လည်းကောင်း ဆွေးနွေးမှု များပြုလုပ်ခဲ့ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာကို ၆-၁၁-၂၀၁၂ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့တွင် တင်သွင်းခဲ့ပါတယ်။ ယင်းစိစစ်ချက်အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၇ ဦးမှ ပြင်ဆင်ချက် အဆိုတင်သွင်းခဲ့သဖြင့် ပြင်ဆင်ရန်တင်ပြချက်ဇယားအား ဆွေးနွေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေများအတိုင်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ ၆-၁၁- ၂၀၁၂ ရက်နေ့အစီရင်ခံစာအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၈-၁၁-၂၀၁၂ ရက်စွဲပါ စာဖြင့် ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခြင်းမပြုမီ ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်၏ သဘောထားကို အလေးထားစဉ်းစား၍ ပြန်လည်စိစစ်သုံးသပ်ပြီးမှသာ ဆွေးနွေးအတည်ပြုသင့်ကြောင်း ပထမအကြိမ် အကြံပြုခဲ့ပါတယ်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ (ခ) ပါအတိုင်း တရားမျှတစွာဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်မှ အချိန်ငွေကြေးကုန်ကျမှုနှင့် အခြားအခက်အခဲများဖြစ်ပေါ်လာနိုင်ခြင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ဒီမိုကရေစီစနစ် ကိုကျင့်သုံးနေကြတဲ့ နိုင်ငံများရဲ့ ဥပဒေများနှင့် နှိုင်းယှဉ်လေ့လာရခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ၈-၁၁-၂၀၁၂ ရက်စွဲပါစာဖြင့်ပေးပို့ခဲ့တဲ့ ပထမအကြိမ် အကြံပြုစာအပေါ် ပြန်လည် စဉ်းစားသုံးသပ်ခဲ့ရခြင်း၊ ပြည်ထောင်စုလွှတ်တော်မှဖွဲ့စည်းပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ ပေါ်ပေါက်လာခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ (ခ)ပါ အချက်အလက်များအား ဖြေလျှော့နိုင်ရန် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအား ဆွေးနွေးမှုများကို ခေတ္တဆိုင်းငံ့ထားရန် လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီမှ တင်ပြခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ဖြစ်သည့် ၂၃-၈-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မှာ ယင်းဥပဒေကြမ်းအား ခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

၅။ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၈-၈-၂၀၁၃ ရက်စွဲပါ စာဖြင့် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ နောက်ဆုံးပေးပို့ခဲ့သည့်စာအပေါ် အလေးအနက် ထားရှိခြင်း သက်ဆိုင်ရာမဲဆန္ဒရှင်များ၏ တင်ပြတိုင်တန်းချက်များအပေါ် အလေးအနက်ထား ဆောင်ရွက်လိုခြင်း လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်မှုများသည် မိမိတို့မဲဆန္ဒရှင် များက ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ ထုတ်ဖော် ပြသ လိုကြောင်း တင်ပြလာခြင်း၊ ပြည်သူလူထုထံမှ ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုတင်ပြစာများ အပေါ် ပြည်သူ့လွှတ်တော်မှ အလေးအနက်ထား ထည့်သွင်းစဉ်းစားစေလိုခြင်း စသည့်အခြေအနေ များကြောင့် ဤဥပဒေကြမ်းအား ဆိုင်းငံ့ထားခြင်းမပြုတော့ဘဲ ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းစဉ် များအတိုင်း ဆက်လက်ဆောင်ရွက်သွားလိုပါသဖြင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်အား ရယူလို ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းအားဆက်လက်ဆွေးနွေးရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအား ဆက်လက်ဆွေးနွေးရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က ၁၉၅၄ ခုနှစ် နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးအား တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှု ကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်အနေနဲ့ အမျိုးသားခေါင်းဆောင်အဖြစ် သတ်မှတ်ခြင်းခံရတဲ့ပုဂ္ဂိုလ်၊ ကျွန်တော်တို့ နိုင်ငံမှာ ယနေ့အခြေအနေအရ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓာတ်ပုံကိုဆိုလိုခြင်း ဖြစ်ပါတယ်။

နိုင်ငံအဝှမ်းအလေးအနက်ထားတဲ့ပုဂ္ဂိုလ်၊ ရုံးဌာန၊ နေအိမ်အဆောက်အဦတွေမှာ ချိတ်ဆွဲခွင့်ကို ဥပဒေနှင့်အညီ ရရှိစေဖို့၊ နောက်တစ်ချက်ကတော့ ခေတ်ကာလနဲ့မလျော်ညီတော့တဲ့ စကားရပ်တွေကို ခေတ်ကာလနဲ့အညီ ဖြစ်စေဖို့ ရည်ရွယ်ပြီးတော့ တင်သွင်းခြင်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ဖြစ်တဲ့ ၁၇-၇-၂၀၁၃ ရက်နေ့မှာ ပုဒ်မ ၁၀ ခုနဲ့ ပြင်ဆင်ရေးဆွဲတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာစမ်းစစ်သုံးသပ်ရေးကော်မရှင်တို့နဲ့ ဆွေးနွေးပြီး ပယ်ဖျက်သင့်တာတွေကို ပယ်ဖျက်ဖို့ ရေးထုံးနဲ့အညီဖြစ်စေရေး ဆောင်ရွက်ခဲ့ပြီး ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် နိုင်ငံတော်အတွက် ခေတ်စနစ်နဲ့ကိုက်ညီတဲ့ ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေး ဆွေးနွေးဆောင်ရွက်ပေးနိုင်ကြပါရန် ဥပဒေကြမ်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ(ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှု ကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်း အမှတ်များဆင်ယင်ပြသမှု ကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ၏ကိုယ်စား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်က ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်နေ့ ရက်စွဲဖြင့် ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ရာ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဖြစ်သည့် ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ပြလာသည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၁၀ ခု ပါရှိပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည်ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေကြမ်းတင်သွင်းသူ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်တို့နှင့်ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၄။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဥပဒေကြမ်း၏ ပုဒ်မ ၂ ၊ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၆ ၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၉ တို့သည် ပြင်ဆင်သည့် ဥပဒေကြမ်းများ၏ ရေးထုံးနှင့် ညီညွတ်မှုမရှိပါသဖြင့် ပယ်ဖျက်ပါသည်။

(ခ) ပုဒ်မ ၅ ပုဒ်မခွဲ (စ) ရှိ အဆောက်အဦး ဆိုသည့် စကားရပ်အစား အဆောက်အအုံဟု ပြင်ဆင်ပါသည်။

(ဂ) ပုဒ်မ ၁၀ အား ပြင်ဆင်သည့် ဥပဒေကြမ်းများ၏ ရေးထုံးနှင့်ညီညွတ်စေရန်အတွက် ပုဒ်မ ၄ အဖြစ် ပြောင်းလဲပြီး အောက်ပါအတိုင်း ပြင်ဆင်ပါသည်။

၄။ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (កក)နှင့် ပုဒ်မခွဲ (ခခ)တို့အား ပယ်ဖျက်၍ အောက်ပါအတိုင်းအစားထိုးရမည်။

(ကၢက) တရားဝင်အသင်းအဖွဲ့မှ တပါးအခြားသူဖြစ်လျှင် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခခ) တရားဝင်အသင်းအဖွဲ့ဖြစ်လျှင် ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ခြင်းခံရမည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများထံပြင်ဆင်သည့် ဥပဒေကြမ်း၏ရေးထုံးနှင့်ညီညွတ်စေရန်အတွက် ပြင်ဆင်ထားပြီးသော ဥပဒေကြမ်းအား ဖြန့်ဝေထားရှိပြီး ဖြစ်ပါတယ်ခင်ဗျား။

၅။ သို့ဖြစ်ပါ၍ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ တင်သွင်းသည့် ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ(ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နဲ့အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၅-၁၀-၂၀၁၃ ရက် (စနေနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ မနက်ဖြန် ၃-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို နေ့လယ် ၁၃း၃၀ နာရီအချိန်တွင် ကျင်းပမှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]